# ၂၇-၈-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၈/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲအခမ်းအနားကို ယနေ့နေ့လယ်ပိုင်းတွင် ပြန်ကြားရေး ဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စု ရွေးကောက်ပွဲအဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာသတင်း ထုတ်ပြန်ရေးအဖွဲ့ကိုယ်စားလှယ်များက မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များနှင့် သတင်းမီဒီယာများ၏ သိရှိလိုသည့်မေး မြန်းမှုများကို ပြန်လည် ဖြေကြားသည်။

၂။ ဦးစွာ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် ယနေ့သတင်းစာရှင်းလင်းပွဲကို တက်ရောက်လာကြ သည့် နိုင်ငံတကာမှ ကိုယ်စားလှယ်များ၊ သတင်းထောက်များ၊ ဌာနဆိုင်ရာများမှ ပြောရေး ဆိုခွင့်ရှိသူများအားလုံး ကိုဗစ်-၁၉ ရောဂါမှကင်းဝေးပြီး ကျန်းမာကြပါစေဟု ဆုတောင်း မေတ္တာပို့သပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲကို အပိုင်း ၂ ပိုင်းနှင့် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ပထမပိုင်းတွင် မိမိနှင့် UEC က ဦးခင်မောင်ဦးတို့က ရှင်းလင်းတင်ပြမည်ဖြစ်ပြီး ထို့နောက် နိုင်ငံတကာသံတမန်များက မေးမြန်းလိုသည့် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းဆောင်ရွက်မည်ဖြစ်ကြောင်း၊ ထို့နောက် မိမိတို့ပြသထားသည့် စာရွက်စာတမ်းများ၊ အထောက်အထားများအား နိုင်ငံတကာ သံတမန်များကို လိုက်လံရှင်းလင်းပြသမည်ဖြစ်ကြောင်း၊ ထို့နောက် သံတမန်များ၊ နိုင်ငံတကာကိုယ်စားလှယ်များ ထွက်ခွာမည်ဖြစ်ကြောင်း၊ နိုင်ငံတကာကိုယ်စားလှယ် များ သတင်းစာရှင်းလင်းပွဲခန်းမက ထွက်ခွာပြီးနောက်ပိုင်းတွင်မှ ဒုတိယပိုင်း အစီအစဉ်အဖြစ် တက်ရောက်လာကြသည့် သတင်းထောက်များက မေးခွန်းများ မေးမြန်းခြင်းနှင့် မိမိကဖြေကြားခြင်းအစီအစဉ်ကို ဆက်လုပ်မည့်အကြောင်းကို

ကြိုတင်အသိပေးလိုပါကြောင်း၊ ယနေ့သတင်းစာရှင်းလင်းပွဲတွင် နံပါတ်တစ်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် (၆)လပြည့်မိန့်ခွန်းနှင့် အစိုးရအဖွဲ့ ပြုပြင်ပြောင်းလဲဖွဲ့စည်းမှု၊ နံပါတ်နှစ်အနေဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ဆောင်ရွက်ချက်များ၊ နံပါတ်သုံးအနေဖြင့် အစိုးရ၏လုံခြုံရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေး ဆောင်ရွက်ချက်များနှင့် နံပါတ်လေးအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ကကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပေါ်စစ်ဆေးတွေ့ရှိမှု၊ ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့မှုနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းသွားမှာ ဖြစ်ပါကြောင်း ပြောကြားသည်။

၃။ ပထမဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ (၆)လ ပြည့် မိန့်ခွန်းတွင် နိုင်ငံတော်အစိုးရ၏ အခြေခံနိုင်ငံရေး၊ လူမှုရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ပြောကြားခဲ့ပါကြောင်း၊ နိုင်ငံရေး ဆိုင်ရာ ဆောင်ရွက်ချက်များအနေနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တာဝန်ကို ရယူခဲ့စဉ်ကစပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လအတွင်းတွင် ပထမလုပ်ငန်းစဉ်ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းကို ဆောင်ရွက်ပြီးစီးခဲ့ပြီး တွေ့ရှိချက်များကို အပြီးသတ်ထုတ်ပြန်ခဲ့ပါကြောင်း၊ မဲမသမာမှု စုစုပေါင်း ၁၁,၃၀၅,၃၉၀ (တစ်ဆယ့်တစ်သန်းသုံးသိန်းကျော်) စစ်ဆေးတွေ့ရှိရပါကြောင်း၊ ခိုင်မာစွာတွေ့ရှိထားသည့် မဲမသမာမှုများ၊ NLD ပါတီ အနေနှင့် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုပြီး ဝင်ရောက်စွက်ဖက်၊ မလျော်သြဇာ သုံးစွဲမှု အထောက်အထား မှတ်တမ်းများအရ ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းခဲ့ပါကြောင်း၊

ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီဖျက်သိမ်းပြီးနောက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ထဲမှ နောက်ဆုံးလုပ်ငန်းစဉ်ဖြစ်သည့် "လွတ်လပ်ပြီးတရား မျှတသော ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနဲ့အညီ နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး" ဆက်လက် ဆောင်ရွက် သွားရမည်ဖြစ်ပါကြောင်း၊ ယင်းအတွက် ကြိုတင် ပြင်ဆင်မှုများကို စတင်ဆောင်ရွက် နေပြီဖြစ်ပါကြောင်း၊ ထိုမိန့်ခွန်းတွင်ပဲ လုပ်ငန်းရပ်အားလုံးကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ အတွင်းမှာ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ပြုလုပ်ပေးမည်ဆိုသည်ကို အာမခံထားပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်လာစေရန် အခြေခံလိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးသာ ဖြစ်ပါကြောင်း၊ တည်ငြိမ် အေးချမ်းမှုရှိအောင်လည်း ဆောင်ရွက်သွားရမှာ ဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှ လွတ်လပ်တရားမျှတသည့် ရွေးကောက်ပွဲ ကျင်းပနိုင်မည်ဖြစ်၍ ပြည်သူ လူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသား ပြုခွင့်ရသူ၊ လက်မှတ်မရှိသူ ၄,၈၆၉,၄၂၇ (လေးသန်းရှစ်သိန်းကျော်) ရှိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် နောင်လာမည့်ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူအားလုံး ဆန္ဒမဲ ပေးပိုင်ခွင့်မဆုံးရှုံးစေရန်နှင့် မဲစာရင်းများ မှန်ကန်မှုရှိစေရန်အတွက် အကျုံးဝင်သူ အားလုံးကို နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးနိုင်ရေး စီမံချက်ချဆောင်ရွက် လျက်ရှိပါကြောင်း၊ လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနကို သီးခြားပြန်လည်ဖွဲ့စည်းပြီး ထိုကိစ္စကို အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ သက်ဆိုင်သူအားလုံးကလည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ယင်းဩဂုတ်လ ၁ ရက်နေ့တွင်ပဲ ယခင်အစိုးရအဖွဲ့၏ လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ စီမံခန့်ခွဲရေးကော်မတီကို " **ပြည်ထောင်စုသမ္မတ**

**မြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့** ” အဖြစ် ပြင်ဆင်ဖွဲ့စည်းခဲ့ပါကြောင်း၊ အိမ်စောင့် အစိုးရဆိုသည့်အခေါ်အဝေါ်အတိုင်း နိုင်ငံတော်တာဝန်ကို ရေရှည်ရယူထားမည့် အစိုးရမဟုတ်ပါကြောင်း၊ ဗဟိုချုပ်ကိုင်မှု ပိုမိုလျှော့ချပြီး နိုင်ငံတော်တာဝန်များကို ပိုမိုလွယ်ကူ၊ လျင်မြန်၊ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါကြောင်း ပြောကြားသည်။

၄။ ဆက်လက်ပြီး ကိုဗစ်-၁၉ ကပ်ရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို ပြောလိုပါကြောင်း၊ လက်ရှိ အခြားကမ္ဘာ့နိုင်ငံအများစု နည်းတူ ကျွန်တော်တို့နိုင်ငံမှာဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်း နှင့်ပတ်သက်ပြီး ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို အစိုးရ၊ ပြည်သူ လူထု၊ လူမှုရေးအသင်းအဖွဲ့များနှင့် တပ်မတော်တို့ ပူးပေါင်းဆောင်ရွက်လျက် ရှိပါကြောင်း၊ ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်မှုများ၊ ပြည်သူလူထု၏ ပူးပေါင်းဆောင် ရွက်များကြောင့် ယခုလအတွင်း ရောဂါကူးစက်မှုနှုန်းကို ၂၀ % ကျော်ထိ လျှော့ချနိုင် ခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း၏ အရှိန်အမြင့် ဆုံးအချိန် ဖြစ်ခဲ့သည့် ဇူလိုင်လတတိယပတ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ကိုဗစ်ရောဂါပိုး စစ်ဆေး ခဲ့သူများ၌ ပိုးတွေ့ရှိမှု ၄၁ % ခန့် ရှိခဲ့ပါကြောင်း၊ ယခုဩဂုတ်လ ၂၆ ရက်နေ့တွင်မူ ၂၁ % ခန့်အထိ ကျဆင်းသွားသည်ကို တွေ့ရှိရပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါသည် အရှင်းပျောက်ကင်းသွားမည့်ရောဂါမျိုး မဟုတ်သော်လည်း မိမိတို့အနေနှင့် ယခုလထဲ တွင်ပဲ ရောဂါကူးစက်မှုနှုန်းကို သိသိသာသာကျဆင်းအောင် ရည်မှန်းချက်ထား ဆောင်ရွက်နေပါကြောင်း၊ ဝေဖန်မှုများ၊ တိုက်ခိုက်မှုများ အမျိုးမျိုးကြားထဲက ပြည်သူ လူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် ရှေ့တန်းကနေ စွန့်လွှတ် စွန့်စားကြိုးစားပြီး တိုင်းပြည်အပေါ် အသိတရားရှိရှိနှင့် ဆောင်ရွက်ခဲ့ကြသည့် ဆရာဝန်များ၊ ဆရာမများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ (Volunteer) အသင်းအဖွဲ့များ၊ ပြည်သူလူထုအားလုံးနှင့် တပ်မတော်ဆေးတပ်ဖွဲ့ဝင်

များအားလုံးကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် နိုင်ငံတော် အစိုးရက မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်းနှင့် ကျေးဇူးအထူးတင်ပါကြောင်း လေးလေးနက်နက် ပြောကြားလိုပါကြောင်း ပြောကြားသည်။

၅။ ဆက်လက်ပြီး ကိုဗစ်ကာကွယ်ဆေးများရရှိမှု၊ ထိုးနှံမှုနှင့် ဆက်လက်ဆောင်ရွက်ထားရှိမှုများကို ပြောလိုပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် အိန္ဒိယနိုင်ငံမှ ကိုဗစ်ကာကွယ်ဆေး သန်း ၃၀ ဝယ်ယူရရှိရေး စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ပါကြောင်း၊ အိန္ဒိယမှ ဝယ်ယူခဲ့သည့်ဆေးများထဲမှ ၂ သန်းနှင့် လှူသည့်ဆေး ၁.၅ သန်းကို ရရှိခဲ့ပြီးဖြစ်၍ ထိုးနှံပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံထဲတွင်လည်း ကိုဗစ်ဖြစ်ပွားမှု မြင့်မားလာသည့်အတွက် ကျန်ဆေးများကို ဆက်လက်မပို့ဆောင်နိုင်သေးပါကြောင်း၊ ယင်းသည်လည်း မိမိတို့တစ်နိုင်ငံတည်း မဟုတ်ပါကြောင်း၊ ကျန်နိုင်ငံများလည်း အလားတူသာဖြစ်ပါကြောင်း၊ ပြည်သူလူထုအနေနှင့် ကာကွယ်ဆေးအဆက်မပြတ်ထိုးနှံနိုင်ရန်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် အစိုးရအနေနှင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုလအတွင်း တရုတ်နိုင်ငံမှ ကာကွယ်ဆေး ၄ သန်း ဝယ်ယူရရှိခဲ့ပြီး ကာကွယ်ဆေး ၂ သန်း လှူဒါန်းခဲ့ပါကြောင်း၊ ဆေးများရောက်ရှိမှုအနေဖြင့် ၂ သန်း ရောက်ရှိခဲ့ပြီးဖြစ်ကြောင်း၊ ယခုလက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဦးစားပေးအုပ်စု ၁၂ စု ခွဲခြားပြီး ထိုးနှံပေးလျက်ရှိပါကြောင်း၊ ယခုအပတ်အတွင်း နောက်ထပ် ၄ သန်းခန့် ထပ်မံရောက်ရှိလာမည်ဖြစ်ပြီး ကျန်ဆေးများလည်း အသုတ်လိုက်ရောက်ရှိမည်ဖြစ်ကြောင်း၊ နောက်ထပ်ဆေး ၂၄ သန်း ဝယ်ယူရရှိနိုင်ရေး ဆောင်ရွက်ထားပြီး ယခုနှစ်အတွင်း ဆေးထိုးနှံရမည့် ပြည်သူလူထု၏ ၅၀ % ကို ဆေးအပြီးထိုးနှံနိုင်ရေးနှင့် အခြေအနေ ပေးမည်ဆိုပါက ၅၀ % အထက် ကျော်လွန်အောင် ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေနှင့်လည်း ပြည်သူလူထုအတွက် ကိုဗစ်ရောဂါ အကာအကွယ်အမြန်ဆုံးရရှိဖို့အရေး ကြိုးစားပြီး

ဆောင်ရွက်ပေးနေပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ပြည်တွင်း၌ ကိုဗစ်ကာကွယ်ဆေးထုတ်လုပ်နိုင်ရန်အတွက် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ရုရှားနိုင်ငံကကာကွယ်ဆေး ၂ သန်းလည်း ယခုလထဲတွင် အသုတ်လိုက်ခွဲပြီး ရောက်ရှိလာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေး ရရှိရန်၊ ပြည်သူလူထုကို ကိုဗစ်ရောဂါကူးစက်ဖြစ်ပွားမှု လျှော့ချနိုင်ရန်အတွက် အတိုင်းအတာတစ်ခုအထိ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ပြီဟု ဆိုရမှာဖြစ်ပါကြောင်း၊ မိမိတို့ ပြည်သူလူထုအနေနှင့် မိမိအတွက်၊ မိမိမိသားစုအတွက်၊ မိမိအသိုင်းအဝိုင်းအတွက်ဆိုသည့် စိတ်ထားမျိုးနှင့် ကိုဗစ်ကာကွယ်ဆေးထိုးရန် မိမိအလှည့်ရောက်ရှိချိန်တွင် မပျက်မကွက်ထိုးနှံကြရန် အသိပေးလိုပါကြောင်း၊ ယင်းအချိန်တွင် မိမိကျန်းမာရေး၊ မိမိမိသားစုကျန်းမာရေးထက် အရေးကြီးတာမရှိပါကြောင်း၊ ကာကွယ်ဆေးနှင့် ပတ်သက်၍ ပညာရှင်များ၏ ပြောကြားချက်များကို သိရှိပြီးဖြစ်ကြလိမ့်မည် ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးထားခြင်းအားဖြင့် ရောဂါကူးစက်မှုကို အတိုင်းအတာတစ်ခုအထိ ကာကွယ်ပေးနိုင်သည့်အပြင် ကူးစက်ခံရလျှင်ပင် ပြင်းထန်သည့် ရောဂါလက္ခဏာ ခံစားရမှု မရှိပါကြောင်း၊ အသက်အန္တရာယ်မှ ကာကွယ်နိုင်ပါကြောင်း၊ ကာကွယ်ဆေးထိုးပြီးသူနှင့် မထိုးရသေးသူ တော်တော်လေး ကွာခြားပါကြောင်း၊ ထို့ကြောင့် ကောလာဟလများ၊ သွေးထိုးလှုံ့ဆော်သည့် မဟုတ် မမှန်စကားများကို နည်းမျိုးစုံနှင့် ကြားလျှင်လည်း နားမယောင်ကြရန် လိုအပ်သည်ဟု ပြောလိုပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းသည် ပထမလှိုင်း၊ ဒုတိယလှိုင်းတို့နှင့် ကူးစက်ခံရမှုနှုန်းမတူပါကြောင်း၊ ယခုမိမိတို့နိုင်ငံ၌ အများဆုံးတွေ့ရှိခဲ့သည့် Delta မျိုးကွဲသည် ယခင်မျိုးကွဲများထက် ကူးစက်မှုနှုန်း ၄ ဆခန့် ပိုမိုမြန်ဆန်သည်ကို တွေ့ရပါကြောင်း၊ ကူးစက်ခံရသူများအနေနှင့် ရောဂါအခံရှိသူများသည် ရောဂါလက္ခဏာများ ပြင်းထန်စွာခံစားခဲ့ရပြီး အောက်ဆီဂျင်လိုအပ်ချက်များလည်း များပြားခဲ့ပါကြောင်း၊ ကိုဗစ်ကြောင့် နောက်ဆက်တွဲခံစားရသည့် ရောဂါ

လက္ခဏာများလည်း တွေ့ရှိရပြီး ကိုဗစ်ရောဂါပျောက်သွားခဲ့လျှင်ပင် နောက်ဆက်တွဲ ထပ်ဖြစ်လာမည့် ရောဂါများကြောင့် သေဆုံးခဲ့ရသူများလည်း ရှိခဲ့ပါကြောင်း၊ ကိုဗစ်တတိယလှိုင်း အရှိန်မြင့်တက်နေစဉ် ဆေးရုံ၊ ဆေးခန်းများ၌ အောက်ဆီဂျင်နှင့်ပတ်သက်ပြီး လိုအပ်ချက်များရှိခဲ့ပါကြောင်း၊ ယင်းသို့ဖြစ်ရခြင်းသည် ကြိုတင်ပြင်ဆင်မှု အားနည်းချက်ကြောင့်ဖြစ်ပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင် ဆေးရုံများက အောက်ဆီဂျင်လိုအပ်ချက်ကို ပုဂ္ဂလိကပိုင် စက်ရုံများ၊ အထူးသဖြင့် ရန်ကုန်၊ မန္တလေးမှသာ ဝယ်ယူဖြည့်တင်းခဲ့ပြီး ICU လူနာများအတွက်သာ ထားရှိခဲ့ပါကြောင်း၊ ထို့ကြောင့် အောက်ဆီဂျင်နှင့်ပတ်သက်သည့် အခြေခံအဆောက်အဦများ ပြည်သူ့ဆေးရုံများမှာ နည်းပါးခဲ့ပါကြောင်း၊ ထို့အပြင် နိုင်ငံရေးလှုံ့ဆော်သူများကြောင့် ဆူပူဆန္ဒပြသည့် လူစုလူဝေးဖြစ်ပေါ်ခဲ့ခြင်းသည်လည်း ရောဂါကူးစက်မှု မြင့်မားစေရန်အတွက် အခြေခံအကြောင်းအရင်းတစ်ရပ် ဖြစ်ခဲ့ပါကြောင်း၊ ယင်းကို အစိုးရအနေဖြင့် အချိန်တိုအတွင်းဖြေရှင်းနိုင်အောင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အောက်ဆီဂျင် လိုအပ်ချက်များနှင့်ပတ်သက်ပြီး အိမ်နီးချင်းမိတ်ဆွေနိုင်ငံများဘက်မှ Liquid Oxygen များ တင်သွင်းပြီး အရေးပေါ်ဖြေရှင်းခဲ့ရပါကြောင်း၊ နိုင်ငံပိုင်၊ တပ်မတော်ပိုင်နှင့် ပုဂ္ဂလိကပိုင် Oxygen Plant များမှ ဆေးရုံသုံးအောက်ဆီဂျင်များ ရရှိရေး အင်အားပြည့်ထုတ်လုပ်ခြင်း၊ အသစ်တည်ဆောက်ခြင်းများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ယခုချိန်တွင် အမြင့်ဆုံးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့် အနေအထားရှိသော်လည်း ထုတ်လုပ်မှု၏ ၃၀% ခန့်သည် Liquid Oxygen မှ ထုတ်လုပ်နေရသည့် အနေအထားဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်း၊ ခရိုင်၊ မြို့နယ် အဆင့် လိုအပ်တဲ့ဆေးရုံများ၌ ဆေးရုံသုံးအောက်ဆီဂျင်များ ထုတ်လုပ်နိုင်ရန် ရေရှည် အတွက် မျှော်မှန်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်နေ့တွင်ပြုလုပ်သည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်အဋ္ဌမအကြိမ်မြောက်

အစည်းအဝေးတွင် အထူးအလေးထား ညွှန်ကြားခဲ့ပါကြောင်း၊ ကိုဗစ်တတိယလှိုင်း၏ အမြင့်ဆုံးကာလ၌ ဖြစ်ပွားခဲ့သည့် ဆေးရုံသုံးအောက်ဆီဂျင် လိုအပ်ချက်ကို ဝိုင်းဝန်းကြိုးပမ်းဖြေရှင်းခဲ့သည့် အဖွဲ့အစည်းများ၊ နိုင်ငံပိုင်နှင့် တပ်မတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ၊ ပုဂ္ဂလိကပိုင်လုပ်ငန်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ Liquid Oxygen ကို အချိန်တိုအတွင်း အမြန်ရောက်ရှိ အောင်စီစဉ်ပေးခဲ့သည့် အိမ်နီးချင်းတရုတ်နိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ တာဝန်ရှိသူများ အားလုံးကို ပြည်သူလူထုကိုယ်စား မြန်မာနိုင်ငံတော် အစိုးရက အထူးကျေးဇူးတင်ပါကြောင်းကို လေးလေးနက်နက် ပြောကြား လိုပါကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောခဲ့သည့် မူရင်းစကားအတိုင်း မိမိပြောလိုပါကြောင်း၊ “ **ဒီလိုကူညီ ဆောင်ရွက်တာဟာ ကျွန်တော်တို့မြန်မာ နိုင်ငံသူ၊ နိုင်ငံသား များစွာရဲ့အသက်ကို ကယ်တင်ပေးခဲ့တာလို့ ကျွန်တော်တို့ခံယူပါတယ်။ ဆောင်ရွက် ပေးခဲ့တဲ့ နိုင်ငံတွေနဲ့ ပြည်သူလူထုကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်** ” ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များတွင် လိုအပ်သည့် အထောက် အကူပစ္စည်းများ၊ ဆေးဝါးများကိုလည်း မိတ်ဆွေနိုင်ငံများနှင့် အဖွဲ့အစည်းများက ဆက်လက် လှူဒါန်းမှုများ၊ ကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တရုတ် နိုင်ငံအနေနှင့် ကာကွယ်ဆေးများအပြင် လိုအပ်သည့်ဆေးပစ္စည်းများ၊ အကာ အကွယ်ပစ္စည်းများ၊ အထောက်အကူပြုပစ္စည်းများကို အကြိမ်ကြိမ်လှူဒါန်းခဲ့ပါကြောင်း၊ ကချင်ပြည်နယ် နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နေ ပြည်သူများကို ထိုးနှံပေးနိုင်ရန် ကာကွယ်ဆေး ၁ သန်း ထပ်မံလှူဒါန်းခဲ့ပါကြောင်း၊ ထိုင်းနိုင်ငံအနေနှင့်လည်း အထောက်အကူပြု ပစ္စည်းများ လှူဒါန်းခြင်း၊ ကူညီပေးခြင်းများ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ကမ္ဘောဒီးယား နိုင်ငံဝန်ကြီးချုပ် မစ္စတာ ဟွန်ဆန်၏ စီစဉ်ပေးမှုနှင့် ကမ္ဘောဒီးယားကျန်းမာရေးဝန်ကြီးက မြန်မာနိုင်ငံကို လာရောက်ပြီး ကမ္ဘောဒီးယားအစိုးရနှင့် ပြည်သူလူထုက လှူဒါန်းသည့် ပစ္စည်းများ နှင့်ငွေများ၊ အာဆီယံလူသားချင်းစာနာထောက်ထားမှုနှင့် အကူအညီပေးအပ်ရေး ညှိနှိုင်းမှု

ဗဟိုဌာန(AHA)က လှူဒါန်းသည့် အလှူငွေများ လာရောက်ပေးအပ်ခဲ့ပါကြောင်း၊ အလားတူ အိန္ဒိယနိုင်ငံကလည်း ဩဂုတ်လ ၂၀ ရက်နေ့က ထောက်ပံ့လှူဒါန်းမှုများ အပါအဝင် ကိုဗစ်ကာလအတွင်း လိုအပ်သည့်အထောက်အကူပစ္စည်းများ၊ ကုသဆေး များဝယ်ယူနိုင်ရန်အတွက် လူမှုအဖွဲ့အစည်းများက ထောက်ပံ့ကူညီခြင်း၊ ပူးပေါင်း ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရုရှားနိုင်ငံအနေနှင့်လည်း ကိုဗစ် ကာကွယ်ဆေးများ လှူဒါန်းခြင်း၊ ကာကွယ်ဆေးဝယ်ယူနိုင်ရန် ကူညီပေးခြင်းနှင့် ထုတ်လုပ်နိုင်ရန် ညှိနှိုင်းဆောင်ရွက်မှုများကို လုပ်ဆောင်နေပါကြောင်း၊ အားလုံးကို မြန်မာနိုင်ငံတော်အစိုးရက ကျေးဇူးတင်ပါကြောင်း ပြောကြားလိုပါကြောင်း၊ မိမိတို့ ၏ခံယူချက်က လူ့အသက်ထက် အရေးကြီးတာမရှိပါကြောင်း၊ ကျန်းမာမှ အလုပ် လုပ်နိုင်မည်ဖြစ်ပြီး ကျန်းမာမှ ပညာသင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူလူထု၏ ကျန်းမာရေးက မိမိတို့အတွက် ဦးစားပေး(၁)ဖြစ်ပါကြောင်း၊ မိမိတို့အနေနှင့် နိုင်ငံ တစ်ဝှမ်းလုံးတွင် ကိုဗစ်ရောဂါကူးစက်မှု သိသိသာသာဟန့်တားနိုင်ရန်၊ ပြည်သူလူထု ကို ထိရောက်သည့် ကာကွယ်ကုသမှုတွေပေးနိုင်ရန်၊ အခြေခံဆေးဝါးလိုအပ် ချက်များ ဖြည့်ဆည်းနိုင်ရန်၊ ပြည်သူများ၏ အခြေခံကျန်းမာရေးဗဟုသုတ အသိ ပညာရရှိရန်၊ တစ်နိုင်ငံလုံး ကာကွယ်ဆေးထိုးရမည့်သူများ အမြန်ဆုံးကာကွယ်ဆေး ရရှိထိုးနှံနိုင်ရန် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက် ရာတွင် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် မြေပြင်အထိကွင်းဆင်း ဆောင်ရွက်လျက်ရှိသလို ရောဂါကူးစက်မှု ကွင်းဆက်ပြတ်တောက်နိုင်ရေးအတွက် ဇူလိုင်လ ၁၇ ရက်မှစပြီး ဝါဆိုလပြည့်နေ့ ရုံးပိတ်ရက်များနှင့်ဆက်စပ်ပြီး တစ်နိုင်ငံလုံး Stay At Home အစီအစဉ်ကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန် ရုံးပိတ်ရက်ရှည်ကြေညာပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ ရောဂါကူးစက်မှု ၂၀ ရာခိုင်နှုန်း အထိလျှော့ချနိုင်ခဲ့ပါကြောင်း။ ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် ဗဟို အဆင့်အစည်းအဝေးများ၊ အရေးပေါ်တုံ့ပြန်ရေးအစည်းအဝေးများကို နိုင်ငံတော် ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးချုပ်တို့ ဦးဆောင်ပြီး ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ခြင်း၊

လက်တွေ့ကျကျစီမံခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များအသုံးပြုပြီး လစဉ် Mask ၁၂ သန်း ဖြန့်ဝေပေးလျက်ရှိပါကြောင်း၊ ကိုဗစ်ကာလအတွင်း တရုတ်၊ လာအိုနှင့် ထိုင်းနိုင်ငံတို့တွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများ ပြန်လည်လက်ခံပေးခြင်းကိုလည်း ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်မှ ဩဂုတ်လ ၂၆ ရက်နေ့အထိ ၁၂၂၄၈ ဦး လက်ခံပြီးဖြစ်ပါကြောင်း၊ လက်ခံရာတွင် ကိုဗစ်ရောဂါပိုးစစ်ဆေးသည့်အခါ ကိုဗစ်ပိုးတွေ့ရှိသူ ၂၄၂ ဦးကို စနစ်တကျ ကုသပေးလျက်ရှိပြီး ကင်းရှင်းသူများကိုလည်း နေရပ်ဌာနသို့ စနစ်တကျပြန်လည် ပို့ဆောင်ပေးနိုင်ခဲ့ပါကြောင်း၊ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အဓိကလိုအပ်သည့် ဆေးဝါးနှင့်ဆက်စပ်ဆေးပစ္စည်းများ စဉ်ဆက်မပြတ်ရရှိရေး ထုတ်လုပ်နိုင်ရေးတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ FDA နှင့် ကိုက်ညီသည့် ဆေးဝါး၊ ဆေးပစ္စည်းများကို အခွန်လျှော့ပေါ့ခဲ့ပြီး လွတ်လွတ်လပ်လပ် တင်သွင်းဖြန့်ဖြူးခွင့်ရအောင် သက်ဆိုင်ရာဝန်ကြီးဌာနများက ဆောင်ရွက်ခဲ့ပါကြောင်း၊ Slide တွင်ပြသထားသည့်စာရင်းများမှာ ကုန်သွယ်ရေးစခန်းများ၊ အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့်ဆိပ်ကမ်းများက တင်သွင်းခဲ့ရသည့် စာရင်းများဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလအတွင်းအများ ပြည်သူအတွက် ဆေးဝါးဈေးနှုန်း မြင့်တက်မှုမရှိစေရေးရည်ရွယ်ပြီး ဆေးကုံဒေါင်များကို သက်ဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့် စစ်ဆေးခဲ့ပါကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအရ ဈေးနှုန်းမြှင့်တင်ရန် ရည်ရွယ်ချက်နှင့် ထိန်းချုပ်ရောင်းချခြင်း၊ ပြည်တွင်း၊ ပြည်ပမှ ဝယ်ယူတင်သွင်းသည့် အထောက်အထားများ တင်ပြနိုင်မှုမရှိခြင်း၊ သိုလှောင်ထားသည့် ပမာဏများပြားပြီး ဈေးကစားရန်ရည်ရွယ်ချက်နှင့် သိုလှောင်ထားခြင်းများကိုတွေ့ရသည့်အတွက် ကုမ္ပဏီ ၁၀ ခုကို ထိထိရောက်ရောက် စစ်ဆေးလျက်ရှိကြောင်း၊ ကိုဗစ်ကာလ အတွင်းတွင် ပြည်သူများစားဝတ်နေရေး ပြေလည်စေရေးအတွက် အခြေခံစားသောက်ကုန်များကို ဈေးနှုန်းသက်သာစွာဖြင့် ရွေ့လျားဈေးကား (Mobile Market) များဖြင့် လိုက်လံရောင်းချ

ပေးလျက်ရှိသည့်အပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အသုံးများသည့် ဆေးဝါးများ ဈေးနှုန်းမှန်ကန်စွာရရှိရေးအတွက်လည်း တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း လုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ဆေးဝါးများ လက်လီလက်ကား ရောင်းချ ပေးခြင်းအစီအစဉ်များကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးဈေးနှုန်း များကိုလည်း နေ့စဉ်ထုတ်ပြန်ကြေညာပေးလျက်ရှိပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ(EAO)၏ ဒေသများတွင် ရှိနေသူများကိုပါ ကာကွယ်ဆေးထိုးနှံနိုင်ရေး ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ EAO အဖွဲ့များက ဆက်သွယ်အကြောင်းကြားလာသည့်အတွက် EAO အဖွဲ့များရှိရာ နေရာက အကျုံးဝင်သည့် ဒေသခံပြည်သူများကို ကာကွယ်ဆေးထိုးနှံနိုင်ရန် ဆောင်ရွက်လျက် ရှိပြီး စစ်ဘေးရှောင်စခန်း(IDP Camp)မှ သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေး လျက်ရှိပါကြောင်း၊ ဘူးသီးတောင်၊ မောင်တောဒေသနှင့် ရခိုင်ပြည်နယ်ထဲတွင်ရှိနေ သည့် ဘင်္ဂါလီများကိုလည်း ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထိုးနှံပေးသွားမည်ဖြစ်ပါ ကြောင်း၊ အားလုံးက မိမိတို့ပြည်သူလူထုဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းစဉ်များတွင် မည်သူ တစ်ဦးတစ်ယောက်ကိုမှ ချန်လှပ်ထားမည် မဟုတ်ပါကြောင်း၊ အားလုံး လွှမ်းခြုံမှုရစေမည်ဟု ပြောကြားသည်။

**၆။** နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့် တာဝန်ရှိ၊ တာဝန်သိသူများက အမျိုးသားရေး ဖြစ်သည့် ကိုဗစ်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကို ကြိုးပမ်းဆောင်ရွက် နေစဉ်တွင် ယုတ်မာကောက်ကျစ်သည့် အဖျက်သမားများ၏ ဖျက်လိုဖျက်ဆီးလုပ်ရပ်များက ရှိနေဆဲဖြစ်သည်ကိုလည်း စိတ်မကောင်းဖွယ်ရာ တွေ့နေရပါကြောင်း၊ **NLD** ပါတီဝင်များနှင့် ၎င်းတို့ကိုထောက်ခံသူ

အစွန်းရောက်များ၏ လှုံ့ဆော်မှု၊ ခြိမ်းခြောက်မှုများကြောင့် ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းအချို့သည် **CDM** ဆိုသည့် အာဏာဖီဆန်ရေး လှုပ်ရှားမှုတွင်ပါဝင်ပြီး အလုပ်တာဝန်မှပျက်ကွက်ခြင်း၊ အချို့ဆေးရုံများမှာ ဆရာဝန်၊ သူနာပြုများ လုပ်ငန်းခွင်ပျက်ကွက်ခြင်းများ ပြုလုပ် ခဲ့ကြပါကြောင်း**၊** ပြည်သူ့ကျန်းမာရေးစနစ်ကို ယိုင်လဲအောင်လုပ်ခြင်းဖြစ်ပါကြောင်း**၊** တာဝန်သိ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်မှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများဖြင့် အချို့ဆေးရုံများကို ပြန်လည်ဖွင့်လှစ်ခဲ့ရပါကြောင်း**၊** ယခုအခါတွင် လည်း **NLD** ပါတီဝင် အစွန်းရောက်များ၊ **NUG , PDF** ကဲ့သို့သော အကြမ်းဖက် အဖွဲ့များအနေဖြင့် ကိုဗစ်နှင့်ပတ်သက်ပြီး မဟုတ်မမှန်သတင်းများ၊ ကာကွယ်ကုသ တားဆီး ထိန်းချုပ်ရေးကို အနှောင့်အယှက်ဖြစ်စေမည့် ကောလာဟလများကို လူမှု ကွန်ရက်စာမျက်နှာများပေါ်တွင်ဖြန့်ဝေခြင်း၊ မီဒီယာများမှဖြန့်ဝေခြင်း ပြုလုပ်ရုံသာ မက ကိုယ်ထိလက်ရောက် အကြမ်းဖက်မှုများကိုပါ ပြုလုပ်လာခြင်းကို တွေ့ရပါ ကြောင်း**၊** မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့မှာ **Volunteer** အဖွဲ့တစ်ဖွဲ့က ကိုဗစ်**-** ၁၉ ကပ်ရောဂါဆိုင်ရာ အသိပညာပေးဟောပြောပြီး အကာအကွယ်ဆေးပစ္စည်းများ ဝေငှ ခြင်းကို အကြမ်းဖက် **PDF** အဖွဲ့က သေနတ်နှင့်ပစ်ခဲ့**ရာ Volunteer** အမျိုးသမီးတစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ပါကြောင်း**၊** ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပ မြို့နယ်ဆေးရုံကြီးက ခွဲစိတ်ခန်း အထူးကြပ်မတ်ကုသဆောင်တွင် အသုံးပြုသည့် အောက်ဆီဂျင်ပိုက်လိုင်းများကို ထုရိုက်ဖျက်ဆီးခဲ့ပါကြောင်း**၊** မရမ်းကုန်းမြို့နယ်၊ အမှတ်**(**၁**)**ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ၂၀၂၁ **ခုနှစ်၊ ဩဂုတ်လ ၁** ရက်နေ့က ကာကွယ်ဆေးထိုးနှံနေခြင်းကို ၎င်းမြို့ **PDF** အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်ပစ်ဗုံးနှင့် လာပစ်ခြင်းများ၊ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ကယား ပြည်နယ်၊ ဖယ်ခုံမြို့က ကိုဗစ်ကာကွယ်ဆေး ထိုးနှံနေသည့်နေရာကို ချိန်ကိုက်မိုင်း ဖောက်ခွဲခဲ့ခြင်းများ လုပ်ခဲ့သည့်အတွက်

ရဲတပ်ဖွဲ့ဝင် ၁ ဦးကျဆုံးပြီး စေတနာ့ ဝန်ထမ်း **Volunteer** ၁ ဦး ဒဏ်ရာရရှိခဲ့ပါကြောင်း ပြောကြားသည်။

**၇။** ကိုဗစ်စစ်ဆေးရေးဂိတ်များကို တိုက်ခိုက်ခဲ့ပါကြောင်း၊ ဩဂုတ်လ ၁၅ ရက်နေ့တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ပုလဲမြို့ရှိ စေတနာ့လူမှုကူညီရေးအဖွဲ့က ကိုဗစ်-၁၉ ကူးစက်ခံနေရသူများအတွက် လိုအပ်သည့် အောက်ဆီဂျင်ဝယ်ယူဖြည့်တင်းရေး နှင့် ကျန်းမာရေးဝန်ဆောင်မှုများပြုလုပ်ရန်အတွက် ဆွေးနွေးနေသည့် အစည်းအဝေးနေရာကို လက်ပစ်ဗုံးနှင့် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ပါကြောင်း၊ အဆိုပါဖြစ်စဉ်မျိုး ၁၈ ကြိမ်ရှိခဲ့ပါကြောင်း၊ ဆိုးရွားယုတ်မာ ကောက်ကျစ်လွန်းသည့် အကြမ်းဖက်မှုများဖြစ်ပါကြောင်း၊ ဘယ်နိုင်ငံမှာမှ ထိုသို့အောက်တန်းကျသည့် လုပ်ရပ်မျိုးရှိမည် မဟုတ်လောက်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထိုသို့ နိုင်ငံရေးအစွန်းရောက်အကြမ်းဖက်အဖွဲ့များရှိနေပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ထိုအဖျက်သမား၊ အကြမ်းဖက်သမားများကို ပြတ်ပြတ်သားသား ဝိုင်းဝန်းဆန့်ကျင်ကြရန် မေတ္တာရပ်ခံလိုပါကြောင်း ပြောကြားသည်။

**၈။** ဆက်လက်ပြီး နိုင်ငံတော်အစိုးရ၏ လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးဆောင်ရွက်ချက်များကို အချို့သောမီဒီယာများ၊ အဖွဲ့အစည်းများ၏ မဟုတ်မမှန်ဆောင်ရွက်နေမှုများထဲက အချို့ကိုသာ ထုတ်နုတ်တင်ပြမည်ဖြစ်ပါကြောင်း၊ ပထမဖြစ်စဉ်အနေဖြင့် မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ်၊ ကင်းမကျေးရွာဖြစ်စဉ်ဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် ဇွန်လ ၁၅ ရက်နေ့က လက်နက်ကိုင်အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ထိုကျေးရွာတွင်ရှိသည့် အိမ်ခြေ ၂၂၅ လုံးအနက် အိမ်ခြေ ၁၀၀ ခန့် မီးလောင်ပျက်စီးမှုဖြစ်ခဲ့ပါကြောင်း၊ ဖြစ်စဉ်မှာ ဇွန်လ ၁၅ ရက်နေ့တွင် ပေါက်မြို့နယ်က မြန်မာနိုင်ငံရဲတပ်ဖွဲ့ လုံခြုံရေးအဖွဲ့ဝင်များသည် နယ်မြေတည်ငြိမ်အေးချမ်းရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် နံနက် ၁၁ နာရီခန့်၊ ကင်းမ ကျေးရွာ ဆိုင်းဘုတ်အနီးအရောက်တွင် လက်နက်ကိုင်အကြမ်းဖက်

လူတစ်စုက ၎င်းရွာ တောင်ကုန်းပေါ်မှ လက်နက်ငယ်များ၊ လက်ပစ်ဗုံးများ၊ လက်လုပ်မိုင်းများနှင့် ပစ်ခတ် တိုက်ခိုက်ခဲ့ပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခု ခံပစ်ခတ်ခဲ့ရာတွင် အကြမ်းဖက်သူများတောင်ကုန်းပေါ်မှ ဆုတ်ခွာသွားပါကြောင်း၊ ထိုတောင်ကုန်းပေါ် ကို အသေးစိတ်ရှာဖွေနေစဉ် နံနက် ၁၁ နာရီ ၅၀ ခန့်တွင် တောင်ကုန်းအလယ်တွင် ထပ်မံတိုက်ပွဲဖြစ်**ပြီး** ၁၂ နာရီခန့်တွင် နောက်တစ်ကြိမ် တိုက်ပွဲထပ်ဖြစ်ပါကြောင်း၊ ထိုတောင်ကုန်းပေါ်တွင် အကြမ်းဖက်သမားများ ခိုအောင်းမှုမရှိစေရေး ဆက်လက် ပြီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်နေသည့်အချိန်တွင် ကင်းမရွာအတွင်း မီးလောင်မှု ဖြစ်ပွား နေခြင်းကိုတွေ့ရပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထပ်မံရောက်ရှိ လာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းပြီး ရွာအတွင်းဝင်ရောက်ကာ ကူညီ မီးငြိမ်းသတ်ခဲ့ရပါကြောင်း၊ မီးလောင်ကျွမ်းဆဲနေအိမ် ၂ လုံးအတွင်းက အသက် ၈၀ ကျော်အရွယ် အမျိုးသမီးကြီး ၂ ဦးကို မီးလွတ်ရာသို့ ကယ်တင်နိုင်ခဲ့ပါကြောင်း၊ မီးလောင်မှုကို အသေးစိတ်စစ်ဆေးသည့်အခါတွင် အကြမ်းဖက်သမား ၄၀ ဦးခန့်က ကင်းမရွာ အခြေခံပညာအထက်တန်းကျောင်းနှင့် မျက်နှာချင်းဆိုင်တွင်ရှိသည့် အကြမ်းဖက်အဖွဲ့အစည်းကို မထောက်ခံသည့်ရွာသားတစ်ဦး၏အိမ်ကို မွန်းလွဲ ၂ နာရီ ၅၀ ခန့်တွင် စတင်မီးရှို့ဖျက်ဆီးရာမှ အခြားအိမ်များကိုပါ မီးကူးစက်လောင်ကျွမ်း ခဲ့ကြောင်းကိုသိရှိရပါကြောင်း၊ ထိုကိစ္စကို မြန်မာနိုင်ငံတွင် တရားမဝင်မီဒီယာအဖြစ် ကြေညာထားသည့် ခေတ်သစ်မီဒီယာကစတင်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ ဖျက်ဆီးကြောင်းရေးသားခဲ့ပါကြောင်း၊ **CNN** နှင့် **Reuters** လို သတင်းဌာနများ ကလည်းရေးသားခဲ့ပါကြောင်း၊ ဖြစ်စဉ်အမှန်ကို အချိန်မီ သတင်းထုတ်ပြန်ခြင်း၊ ဖော်ထုတ်ဖမ်းဆီးရမိသည့် အကြမ်းဖက်သမားတစ်ဦးနှင့် ၎င်းတို့ကို ထောက်ပံ့ ကူညီပေးနေသူတစ်ဦး၏ ကိုယ်တိုင်ဝန်ခံပြောကြားချက်များကို အချိန်နှင့်တစ်ပြေးညီ သတင်းထုတ်ပြန်ပေးခဲ့သော်လည်း အဖြစ်မှန်ကိုမစုံစမ်းဘဲ အမေရိကန်သံရုံးနှင့် ဗြိတိသျှသံရုံးတို့ကလည်း တစ်ဖက်သတ်စွပ်စွဲသည့်ကြေညာချက်များကို ထုတ်ပြန်

ခဲ့ခြင်းကိုလည်း တွေ့ရှိရပါကြောင်း၊ ဇွန်လ ၁၈ ရက်နေ့ကပြုလုပ်သည့် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံကျင်းပချိန်၊ လုံခြုံရေးကောင်စီ တံခါးပိတ်အစည်းအဝေးကျင်းပချိန်တို့နှင့် ချိန်ကိုက်ပြီးဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ သတင်းထုတ်ပြန် ချက်များနှင့်ပတ်သက်ပြီးပြောလိုပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံ၏ သံအမတ်ကြီးများ၊ တက်ရောက်လာသည့် နိုင်ငံတကာကိုယ်စားလှယ်များ တာဝန်ထမ်းဆောင်သည့်အခါ ၎င်းတို့တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများတွင် တရားဝင်အစိုးရ၏ ထုတ်ပြန်ချက်များ၊ အာဘော်များ၊ ပြောဆိုချက်များကို ဂရုတစိုက်လေ့လာရပါကြောင်း၊ မိမိတို့ နိုင်ငံတွင်ဖြစ်ပျက်နေသည့် သတင်းများနှင့်ပတ်သက်ပြီး သတင်းမှန်များထုတ်ပြန် ပေးလျက်ရှိပါကြောင်း၊ ထိုကြားထဲက အဖြစ်မှန်ကို စုံစမ်းခြင်းမရှိဘဲ လိုရာစွဲ ထုတ်ပြန်နေခြင်းသည် မေးခွန်းထုတ်စရာပဲဖြစ်ပါကြောင်း ပြောကြားသည်။

**၉။** ထိုကိစ္စနှင့်ပတ်သက်ပြီး ဖြစ်စဉ်အမှန်သတင်းများ၊ ဒေသခံအချို့၏ ဖြစ်စဉ်အမှန်ပြောကြားချက်များကို တရားဝင်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါကြောင်း၊ မသမာသည့် သတင်းမီဒီယာများ၊ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ပြည်သူလူထုကို လမ်းမှားရောက်အောင် ပို့ဆောင်ပေးနေသည့်သံရုံးများ၏ ကြေညာချက်များသည် မည်သို့လုပ်ကြံဖန်တီးခဲ့ကြောင်း၊ မည်သူတို့၏ပြောစကားအပေါ် အခြေခံပြီး နိုင်ငံတကာ နှင့်ပြည်သူလူထုကို လိမ်လည်နေကြောင်း၊ ဆက်လက်ပြီး မည်သို့ လိမ်လည်နေသည်ကို ယနေ့တွင် သက်သေအထောက်အထားများနှင့် မိမိ တင်ပြလိုပါကြောင်း ပြောကြားသည်။

**၁၀။** ဩဂုတ်လ ၂ ရက်နေ့တွင် ကင်းမရှာ အကြမ်းဖက် **PDF** အဖွဲ့ဝင်နှင့် ကူညီအားပေးနေသူအချို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖောက်ခွဲရေးပစ္စည်းပြုလုပ်ရာတွင် အသုံးပြုသည့်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ၎င်းတို့သည် ကင်းမရှာဖြစ်စဉ်ကို အစအဆုံးသိရှိပြီး ထဲထဲဝင်ဝင်ပတ်သက်ခဲ့သူများဖြစ်ပါကြောင်း၊

၎င်းတို့ ၃ ဦး၏ ဗီဒီယိုဖိုင်တွင် ၎င်းတို့၏ ဟန်ပန်အမူအရာများကိုကြည့်စေလိုပါကြောင်း၊ ၎င်းတို့သည် ၎င်းတို့လုပ်ခဲ့တာအတွက် ယခုအချိန်တွင် နောင်တရနေသူများဖြစ်ပြီး ဖြစ်ရပ်အမှန်ကို ပြည်သူလူထုကို ပြောပြချင်၊ သတိပေးချင်နေသည့်သူများဖြစ်ပါကြောင်း၊ ပထမဆုံးပြသလိုခြင်းသည် ကင်းမရွာဖြစ်စဉ်နှင့်ပတ်သက်ပြီး ထိုရွာ၏ ကျေးရွာသူတစ်ဦးဖြစ်သူ သူနာပြုတက္ကသိုလ်၊ တတိယနှစ်ကျောင်းသူတစ်ဦးဖြစ်သည့် မသ**ဥ္ဇာ**ထွန်း၏ ပြောပြချက်ဖြစ်ပါကြောင်း**၊** ဖြစ်စဉ်ကို မည်သို့ဖိအားပေးခြင်းများကြောင့် လိမ်လည်ပြောဆိုခဲ့ရခြင်းများ**၊** သူမအသံနှင့်သတင်းဌာနများ ကထုတ်လွှင့်ခဲ့ခြင်းများ၊ ဖြစ်စဉ်အမှန်က မည်သို့ဆိုခြင်း၊ သူမကိုယ်တိုင် လက်လုပ်မိုင်း လုပ်နေခြင်းများ၊ နောက်ဆုံး ထိန်းသိမ်းခံရပြီးနောက်ပိုင်းအထိ မီဒီယာအချို့က သူမ၏ ဖမ်းဆီးခံရသူအချို့ကို ပရဟိတသမားများအဖြစ် မဟုတ်မမှန်ထုတ်လွှင့်ခဲ့ခြင်းတို့ကို တွေ့ရမည် ဖြစ်ပါကြောင်း ပြောကြားပြီးနောက် မသဥ္ဇာထွန်းပြောကြားသည့် ဗီဒီယိုဖိုင်ကို ပြသခဲ့သည်။

**၁၁။** နောက်တစ်ဦးမှာ ကိုစည်သူလွင်ဖြစ်ပါကြောင်း**၊** ၎င်းသည် ကင်းမရွာကမဟုတ်ဘဲ မတ္တရာကဖြစ်ပါကြောင်း၊ အကြမ်းဖက်သမားများ ထောင်ထားသည့်မိုင်းကြောင့် ရွာသားအချို့ ဒုက္ခရောက်ရပုံ၊ ရွာခံများက အကြမ်းဖက်သမားများကိုကြောက်ရွံ့နေရပုံများကို တွေ့ရှိရမည်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ကိုစည်သူလွင် ဝန်ခံပြောကြားသည့် ဗီဒီယိုဖိုင်ကိုပြသခဲ့သည်။

**၁၂။** နောက်တစ်ဦးမှာ မသဥ္ဇာထွန်း၊ ကိုစည်သူလွင်တို့နှင့်အတူ ထိန်းသိမ်းရမိခဲ့သူ၊ ကင်းမရွာ **PDF** အကြမ်းဖက်အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ကင်းမရွာသားကိုအောင်ချစ်ဖြိုး၏ ပြောပြချက်ဖြစ်ပါကြောင်း ပြောကြားပြီးနောက် ကိုအောင်ချစ်ဖြိုး ဝန်ခံပြောကြားသည့် ဗီဒီယိုဖိုင်ကိုပြသခဲ့သည်။

**၁၃။** ထိုဖြစ်စဉ်ဖြစ်ရပ်များတွင် ပါဝင်ပတ်သက်ခဲ့သည့် ကာယကံရှင်များ၏ပြောပြ ချက်များကို လက်တွေ့သိမြင်ပြီး မိမိတို့နိုင်ငံ၏ ပြည်သူလူထုအပေါ်

အမျိုးမျိုးသော သတင်းအမှားများ၊ အချက်အလက်အမှားများနှင့် မှိုင်းတိုက်ပြီး အချင်းချင်း စိတ်ဝမ်းကွဲပြားအောင်၊ နိုင်ငံတကာက အထင်အမြင်လွဲမှားအောင် လုပ်ကြံဖန်တီး နေသည့် ပြည်ဖျက်မီဒီယာများ၊ နိုင်ငံခြားသံရုံးအချို့၏ လုပ်ဆောင်ချက်အပေါ် သတိ ရှိကြရန် ပြောကြားလိုပါကြောင်း ပြောကြားသည်။

**၁၄။** **PDF** အမည်ခံ အကြမ်းဖက်အဖွဲ့များက ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး များကို လိုက်လံရန်ပြုသတ်ဖြတ်နေခြင်းဖြစ်ပါကြောင်း၊ နောက်ကွယ်ကနေ ကြိုးကိုင် နေသူအများစုသည် **NLD** ပါတီဝင် အစွန်းရောက်များဖြစ်ပါကြောင်း၊ ဩဂုတ်လ ၃ ရက်နေ့က စစ်ကိုင်းမြို့နယ်၊ ဆင်တပ်ကျေးရွာ အုပ်ချုပ်ရေးမှူးကို အကြမ်းဖက် သမားများက ဓားနှင့်ထိုးပြီး သတ်ဖြတ်ခဲ့ပါကြောင်း၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အဆိုပါတရားခံ ၃ ဦးကို ဖမ်းမိပါကြောင်း၊ ၎င်းတို့ကို စေခိုင်းသူက ထိုရွာက **NLD** ပါတီအမာခံများဖြစ်သည့် ယခင်အုပ်ချုပ်ရေးမှူးဟောင်းနှင့် နောက်တစ်ဦးဖြစ်ပြီး ငွေ ၅ သိန်းပေးပြီး စေခိုင်းခဲ့ခြင်းဖြစ်ပါကြောင်း ပြောကြားပြီးနောက် ၎င်းဖြစ်စဉ်တွင် ပါဝင်သူ သန်းနိုင်စိုး၏ ဝန်ခံပြောကြားချက်ကို ပြသခဲ့သည်။

**၁၅။** နောက်ဖြစ်စဉ်တစ်ခုမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တစ်ထောင်မြို့နယ်၊ ၄၄ လမ်း၊ တိုက်အမှတ် (၁၆)၊ (၃)လွှာဖြစ်စဉ်ဖြစ်ပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေနှင့် ထိုနေရာတွင် အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးအတွက် အသုံးပြုရန် ပစ္စည်းများဝှက်ထားကြောင်း သတင်းရသည့်အတွက် ဝင်ရောက်စစ်ဆေးခဲ့ပါကြောင်း၊ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ကို အကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်ပစ်ဗုံး ၁၆ လုံး၊ ယမ်းပျော့များ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပါ ကြောင်း၊ ဝင်ရောက်စစ်ဆေးစဉ်တွင် ၅ ဦးသည် တိုက်ခန်းပေါ်ကခုန်ချထွက်ပြေး ကြသဖြင့် ၂ ဦးသေဆုံး၊ ၃ ဦး ဒဏ်ရာရခဲ့ပြီး တပ်မတော်ဆေးရုံတွင် ဆေးကုသပေး နေပါကြောင်း၊ ထုံးစံအတိုင်း ပြည်ဖျက်မီဒီယာများက လုပ်ကြံဖန်တီးသတင်းများ ချက်ချင်းထုတ်လွှင့်ကြပြီး လူငယ်များကို မြှောက်ပင့်ပေးရန်၊ လမ်းမှားထပ်ရောက်

စေရန်အတွက် အာဇာနည်၊ သူရဲကောင်းဆိုသည့် အသုံးအနှုန်းများကိုပါ သုံးနှုန်းခဲ့ခြင်းကိုလည်း တွေ့ရပါကြောင်း၊ ၎င်းတို့ဘာတွေလုပ်ခဲ့ကြသည်၊ ထိုနေ့က ဖြစ်စဉ်အမှန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များ၊ ဖမ်းဆီးရမိသူ ၂ ဦး၏ ပြောပြချက်များကို သတင်းထုတ်ပြန်ပြီးဖြစ်ကြောင်း၊ ဤကဲ့သို့ သတင်းထုတ်ပြန်ပြီးနောက်ပိုင်းတွင် ထိုအဖွဲ့ထဲက ထွက်ပြေးလွတ်မြောက်သွားသူ တစ်ယောက်ကို ပြည်ဖျက်မီဒီယာများကမေးမြန်းထားပြီး ဖြစ်ရပ်မှန်ကို ဖုံးကွယ်မှုများ၊ တိုက်ပေါ်က ခုန်ချပြီးသေဆုံးခဲ့သော အမျိုးသမီးတစ်ဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မဖွယ်မရာလုပ်ခဲ့သကဲ့သို့ ပြောဆိုခဲ့မှုများကိုထုတ်လွှင့်ခဲ့ကြောင်း၊ ဖမ်းဆီးရမိသူတစ်ဦးဖြစ်သော မပိုးကျော့ကျော့ခန့်၏ ထပ်မံပြောကြားချက်ကို ပြသလိုကြောင်း ပြောကြားပြီး မပိုးကျော့ကျော့ခန့်၏ ထွက်ဆိုပြောကြားချက် ဗီဒီယိုကိုပြသသည်။

**၁၆။** ယခုနောက်ပိုင်းတွင် အကြမ်းဖက်အဖွဲ့များ၊ ဖောက်ခွဲဖျက်ဆီးရေးအဖွဲ့များကို ဖမ်းဆီးရမိသည့်အချိန်တွင် သတိထားစရာကောင်းသောအချက်က ထိုအဖွဲ့တိုင်းလိုလိုနီးပါး အထူးသဖြင့် ရန်ကုန်ကဲ့သို့သောမြို့ကြီးများက အကြမ်းဖက်အဖွဲ့များတွင် အမျိုးသမီးငယ်များ ပါဝင်နေကြကြောင်း၊ ၎င်းတို့သည် အများအားဖြင့် အိမ်ထောင်မရှိသူ (အပျို)များလည်းဖြစ်နေတတ်ကြောင်း၊ သို့သော်လည်း စစ်ဆေးတွေ့ရှိချက်များအရ လက်မထပ်ရသေးဘဲ **(Living Together)** ပုံစံမျိုးများလည်းဖြစ်နေကြကြောင်း၊ အချို့လည်း ကိုယ်ဝန်ရှိနေခြင်းများကိုတွေ့ရကြောင်း၊ အမျိုးသမီးများမှာ အမျိုးသားများထက် မခံချင်စိတ်ပိုများကြကြောင်း၊ မတရားဘူးဟု ၎င်းတို့စိတ်ထဲမှာ ယူဆလာလျှင် သနားစိတ်၊ မခံချင်စိတ် စသည့်စိတ်များကို မသမာသူနိုင်ငံရေးသမားများက အသုံးချနေခြင်းဖြစ်ကြောင်း၊ ထို့အပြင် ဤလူငယ်၊ လူရွယ်များကို စစ်ဆေးကြည့်သည့်အချိန် မူးယစ်ဆေးသုံးစွဲမှုများနှင့် ပတ်သက်နေသည်ကိုလည်းတွေ့ရကြောင်း၊ မိဘပြည်သူများအနေဖြင့် သတိထားနိုင်ကြရန်မေတ္တာရပ်ခံလိုကြောင်း၊ ထိုလူငယ်လေးများကိုကြည့်ပါက မသမာတဲ့နိုင်ငံရေးသမားများ၊

ပြည်ဖျက် မီဒီယာများ၏လှုံ့ဆော်မှုကြောင့် လမ်းမှားကိုရောက်ခဲ့ရသည့်သူများသာ ဖြစ်ကြောင်း၊ သား၊ သမီးချင်းမစာနာဘဲ Online ပေါ်ကတစ်ဆင့်၊ မီဒီယာများမှ တစ်ဆင့် လူငယ်များ၊ ရိုးသားသော ပြည်သူလူထုများကို နေ့စဉ်လမ်းမှားသို့ရောက်ရှိ စေရေး သွေးထိုးလှုံ့ဆော်နေမှုများကို သတိရှိကြရန်ပြောလိုကြောင်း၊ ဤကဲ့သို့ အခြေအနေမျိုးများတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအချို့အနေဖြင့် **NUG** ၊ **CRPH** နှင့် **PDF** အမည်ခံအဖွဲ့အစည်းများကို စစ်သင်တန်းပေးနေမှုများ၊ လက်နက်များ၊ ထောက်ပံ့နေမှုများကိုလည်း တွေ့ရကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ ၂၂ ရက်နေ့က မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်မှ အကြမ်းဖက်သ**မား** များခိုအောင်းနေသော နေအိမ် ၂ လုံးကို လုံခြုံရေးအရ ဝင်ရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်အဖွဲ့ဝင် ၈ ဦး အသေဖမ်းမိပြီး ၎င်းတို့နှင့်အတူ သေနတ် ၈ လက်၊ လက်ပစ်ဗုံး ၅၀ လုံးနှင့် လက်လုပ်မိုင်းများကို သိမ်းဆည်း ရမိခဲ့ကြောင်း၊ ထို ၈ ဦးထဲမှ ၂ ဦးသည် **KIA** အဖွဲ့က ဗိုလ်အဆင့်ရှိ တူးဖိုးနှင့် ကိုရှိုင်းတို့ပါဝင်ပြီး အကြမ်းဖက်လုပ်ရပ်များကို ၎င်းတို့က ဦးဆောင်နေခြင်းဖြစ်ကြောင်း ပြောကြား သည်။

**၁၇။** ဇွန်လ ၂၃ ရက်နေ့၌ မန္တလေး**(PDF)**အဖွဲ့ဝင် မိုးတိမ်နှင့် ၄ ဦးကို မန္တလေးသို့ လက်နက်များသယ်ယူစဉ် ဖမ်းမိခဲ့ကြောင်း၊ လက်နက်မျိုးစုံ ၁၁၄ လက်၊ ကျည်မျိုးစုံ ၁၀၀၀၀၀ တောင့်၊ လက်ပစ်ဗုံး ၄၉၉ လုံး၊ ၄၀ မမဗုံးသီး ၁၄၇၃ လုံးနှင့် ဖောက်ခွဲရေးပစ္စည်းများပါဝင်ကြောင်း၊ ၎င်းတို့က **KIA** မှာ ဖောက်ခွဲ ဖျက်ဆီးရေး သင်တန်းတက်ခဲ့ပြီး ဇွန်လ ၁၉ ရက်နေ့တွင် **KIA** အဖွဲ့ကပေးသည့် လက်နက်ခဲယမ်း နှင့် မိုင်းများကို ကချင်ပြည်နယ်၊ မန်စီမြို့မှတဆင့် ငါးအိုး-သပိတ်ကျင်းလမ်းကြောင်း အတိုင်း မန္တလေးမြို့သို့သယ်ဆောင်စဉ် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း၊ အလားတူ ဩဂုတ်လ ၈ ရက်နေ့တွင်လည်း ဗုံး ၈၀ လုံးနှင့် ဆက်စပ်ပစ္စည်းများကို မန္တလေး တိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ ဖမ်းမိခဲ့ကြောင်း၊ ဩဂုတ်လ ၄ ရက်နေ့တွင် **KIA**

တပ်မဟာ(၈)၌ အကြမ်းဖက်သင်တန်းတက်နေသောသူများကို ထောက်ပံ့ပေးနေသော မိုးညှင်းမြို့နယ် **NLD** ပါတီဝင် သက်ထားနှောင်းကို **KIA** တပ်မဟာ ၈ ကို ထောက်ပံ့ပေးနေသည့် ထောက်ပံ့ရေးပစ္စည်းများနှင့်အတူ ဖမ်းမိခဲ့ကြောင်း၊ ၎င်း၏ ထွက်ဆိုချက်များအရ ပါဝင်ပတ်သက်သူများသည် ဖော်ပြထားသည့်ဇယားအတိုင်း ဖြစ်ကြောင်း၊ **NLD** ပါတီဝင်များဖြစ်ပြီး အကြမ်းဖက်အဖွဲ့အစည်း **CRPH** အဖွဲ့ဝင် ဖြူဖြူသင်း၊ **NUG** အဖွဲ့ဝင် တင်အေး၊ မင်းဆွေနိုင်၊ ကျော်စွာဝင်း၊ ကသာမြို့နယ် **NLD** ပါတီဝင် ကျော်စွာဝင်း၊ မိုးညှင်းမြို့နယ်က **NLD** ပါတီဝင်များ ပါဝင်ကြောင်း၊ **PDF** အမည်ခံ အကြမ်းဖက်သမားများ၊ မိုင်းထောင်၊ မိုင်းခွဲတိုက်ခိုက်နေသည့် အကြမ်းဖက် အဖွဲ့များ၊ လူငယ်လူရွယ်များကို အချို့ **EAO** အဖွဲ့ထဲတွင် စစ်သင်တန်းနှင့် ဖောက်ခွဲဖျက်ဆီးရေးသင်တန်း တက်ရောက်စေရန်အတွက် လူစုခြင်း၊ စေလွှတ်ခြင်းများ ဆောင်ရွက်နေသူများကို ဖော်ထုတ်ဖမ်းဆီးရမိတိုင်းတွင် ၎င်းတို့ကိုစေခိုင်းနေသူများ၊ ထောက်ပံ့နေသည့်သူများသည် **NLD** ပါတီဝင်များသာ ဖြစ်နေသည်ကိုတွေ့ရကြောင်း၊ အထောက်အထားများ၊ ဆက်စပ်မှုများကို **Board** ၌ စုံစုံလင်လင်ပြသထားကြောင်း၊ **TNLA** အနေဖြင့်လည်း နောင်ချိုမြို့နယ်၊ နောင်စိုးလေးကျေးရွာအနီး **PDF** အကြမ်းဖက်များကို သင်တန်းပေးခြင်း၊ လက်နက်များထောက်ပံ့ခြင်းတို့ ဆောင်ရွက်ခဲ့သည်ကိုတွေ့ရကြောင်း၊ လက်နက်တပ်ဆင်ပေးပြီး မန္တလေးနှင့် စစ်ကိုင်းဒေသအတွင်းသို့ဝင်ရောက်ပြီး အဖျက်အမှောင့်လုပ်ငန်းများလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဖမ်းဆီးရမိလက်နက်များ၊ သင်တန်းကျောင်းနေရာဓာတ်ပုံများကို ဒီဘက်သင်ပုန်းတွင်ပြသထားကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့များထဲ၌လည်း အားလုံးမဟုတ်ဘဲ အဖွဲ့အစည်းထဲက တပ်မဟာအချို့သာ ထိုကဲ့သို့ဆောင်ရွက်နေသည်ကိုတွေ့ရကြောင်း၊ ဥပမာအားဖြင့် **KIA** တွင် တပ်မဟာ ၃ နှင့် တပ်မဟာ ၈ တို့က ဆောင်ရွက်နေကြောင်း၊ **KNU** တွင် တပ်မဟာ ၅ က ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မိမိတို့အနေဖြင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက်ကို အမြဲဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးတံခါးကို အမြဲဖွင့်လှစ်ထား

ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်နှင့် ဦးတည်ချက် ၉ ရပ်တွင်လည်း **“ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်**(NCA)**ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည် ”** ဟု ချမှတ်ထားကြောင်း၊ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနေဖြင့်လည်း ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလ **၁၅** ရက်နေ့၌ကျင်းပခဲ့သော **NCA (၃)**နှစ်ပြည့်အခမ်းအနားမှာကတည်းက ငြိမ်းချမ်းရေး ဆွေးနွေးရာ၌ **“ ငြိမ်းချမ်းရေးထက် အရေးကြီးတာဘာမှမရှိဘူး။ ငြိမ်းချမ်းရေးကို လိုလားရင် ငြိမ်းချမ်းရေးကိုလိုလားတဲ့အပြုအမူမျိုးတွေရှိဖို့လိုတယ် ”** ဟု ပြောကြား ခဲ့ကြောင်း၊ **EAO** များအနေဖြင့် **NCA** တွင် လက်မှတ်ရေးထိုးထားသည်ဖြစ်စေ၊ လက်မှတ်ရေးထိုးမထားသည်ဖြစ်စေ နိုင်ငံတော်နှင့် ပြည်သူလူထုကသွားနေသော ပါတီစုံဒီမိုကရေစီစနစ်မှာ ဒီမိုကရေစီလုပ်ထုံးလုပ်နည်းများနှင့်အညီသာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **PDF** အမည်ခံ အကြမ်းဖက်သမားများကို လက်နက်ထောက်ပံ့နေမှု၊ အကြမ်းဖက်သင်တန်းများပေးနေမှု၊ **EAO** အဖွဲ့ထဲတွင် တာဝန်ထမ်းဆောင်ခိုင်းနေမှု၊ တာဝန်မထမ်းဆောင်ချင်၍ ထွက်ပြေးနေသူများကို ဖမ်းဆီးနှိပ်စက်နေမှုများ၊ ၎င်းတို့လှုပ်ရှားနေသော နယ်မြေအတွင်း၌ အပြစ်မဲ့ပြည်သူများကိုသတ်ဖြတ်နေမှုများသည် ငြိမ်းချမ်းရေးနှင့် လုံးဝမအပ်ဆက်သည့် လုပ်ငန်းများသာဖြစ်ကြောင်း၊ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးလွှမ်းခြုံမှုသာ လွတ်လပ်တရားမျှတသော ရွေးကောက်ပွဲဆိုသည့်အဓိပ္ပာယ် ပြည့်စုံမှာဖြစ်ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းမှုသည် လွတ်လပ်**၍**တရားမျှတသောရွေးကောက်ပွဲဆိုသည့် ပုံရိပ်ကိုထိခိုက်စေနိုင်ကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေဖြင့် အကြမ်းဖက်သမားများကို အားပေးနေသည့် လုပ်ရပ်များမလုပ်ကြရန် သတိပေးလိုကြောင်း ပြောကြားသည်။

**၁၈။** နိုင်ငံတော်အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်သူလူထုအသက်အိုးအိမ်စည်းစိမ် လုံခြုံရေးအတွက် လုံခြုံရေးကိစ္စများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသောပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုလည်းမြင့်တက်လာခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်မှုများကြောင့် နိုင်ငံတစ်ဝှမ်း၌ အကြမ်းဖက်သမားများ ဖမ်းဆီးရမိမှုများ၊ လက်နက်/ ခဲယမ်းနှင့် အကြမ်းဖက်ပစ္စည်းများ ဖမ်းဆီးဖော်ထုတ်ရရှိမှုများ အများအပြားရှိခဲ့ကြောင်း၊ ဩဂုတ်လ လဆန်းပိုင်းနှင့် လလယ်ပိုင်းတွင် NLD ပါတီ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဟောင်းနှင့် အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော NUG မှ ဇေယျာသော်နှင့် မြတ်မင်းသူတို့၏ စေခိုင်းမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်ခဲ့သော PDF အမည်ခံ အကြမ်းဖက်အဖွဲ့ သင်္ကန်းကျွန်းက ၃ ဦး၊ စမ်းချောင်းက ၆ ဦး၊ လှိုင်သာယာက ၁၁ ဦး၊ ဒဂုံဆိပ်ကမ်းက ၇ ဦး၊ ထန်းတပင်က ၅ ဦး၊ ကွမ်းခြံကုန်းက ၆ ဦး၊ စုစုပေါင်း ၃၈ ဦးကို သေနတ် ၅ လက်၊ ကျည်မျိုးစုံ ၃၀၉ တောင့်၊ ပြုလုပ်ဆဲလက်လုပ်သေနတ် ၂၅ လက်၊ လက်ပစ်ဗုံး ၃ လုံး၊ လက်လုပ်မိုင်း ၈၁ လုံး၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးထွက်ဆိုချက်များအရ ၎င်းတို့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူများနှင့်သက်ဆိုင်သည့် နေရာများတွင် ဖောက်ခွဲဖျက်ဆီးမှု ၁၇ ကြိမ် ပြုလုပ်ခဲ့သူများဖြစ်ကြောင်း၊ ၎င်းတို့၏ဆက်စပ်မှု၊ ပြစ်မှုကျူးလွန်ခဲ့သူများကို Board တွင် ပြသထားကြောင်း ပြောကြားသည်။

၁၉။ အလားတူ ယခုဩဂုတ်လ စတုတ္ထပတ်အတွင်းတွင်လည်း ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ်၊ လရိပ်ချိုတည်းခိုခန်းမှ ဖမ်းဆီးရမိခဲ့သော အကြမ်းဖက်သမားများနှင့်ပတ်သက်ပြီး အကြမ်းဖက်သမား ၂၂ ဦးကို ဖမ်းဆီးဖော် ထုတ်ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ ၎င်းတို့နှင့်အတူ သေနတ် ၈ လက်၊ ကျည်မျိုးစုံ ၂၀၀ ကျော်၊ မိုင်းများ၊

ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများနှင့် WY စိတ်ကြွဆေးပြားအချို့ ဖမ်းမိခဲ့ကြောင်း၊ ၎င်းတို့ဟာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ အများပြည်သူများ နှင့်သက်ဆိုင်သော နေရာများတွင် ဖောက်ခွဲဖျက်ဆီးမှု ၄ ကြိမ်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အပြစ်မဲ့ ပြည်သူများကို ပစ်ခတ်လုပ်ကြံမှု ၈ ကြိမ် ကျူးလွန်ခဲ့သူများဖြစ်ကြောင်း၊ ထိုအဖွဲ့ ၂ ဖွဲ့၏ သတင်းအပြည့်အစုံကို မကြာခင် မိမိတို့ ထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြော ကြားသည်။

**၂၀။** ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ဩဂုတ်လ ၂၆ ရက်ထိ ရန်ကုန်တိုင်း ဒေသကြီးအတွင်း မိုင်းပေါက်ကွဲမှု ၆၁၉ ကြိမ်ရှိပြီး တရားခံဖော်ထုတ်နိုင်မှု ၂၁၁ ကြိမ်နှင့် တရားခံ ၃၂၂ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများသေဆုံးမှုအနေနှင့် ၈၄ ဦးရှိပြီး တရားခံဖော်ထုတ်နိုင်မှုအနေနှင့် ၂၇ ကြိမ်နှင့် တရားခံ ၅၉ ဦးကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လက်နက်/ခဲယမ်း ဖော်ထုတ်ဖမ်းဆီးရရှိမှုအနေနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာပင် ၁၁၆ ကြိမ်၊ တရားခံ ၁၉၉ ဦးနှင့် လက်နက်မျိုးစုံ ၅၈ လက်၊ ခဲယမ်းမျိုးစုံ ၂၉၇၅ တောင့်၊ ဖောက်ခွဲရေးနှင့် ဆက်စပ်ပစ္စည်းများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အလားတူ မန္တလေးတိုင်း ဒေသကြီးအတွင်း မိုင်းပေါက်ကွဲမှု ၄၆၇ ကြိမ်ရှိပြီး တရားခံဖော်ထုတ် နိုင်မှု ၂၁၆ ကြိမ်နှင့် တရားခံ ၇၄ ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ အကြမ်းဖက် တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှု ၁၂၆ ဦးရှိပြီး တရားခံဖော်ထုတ် နိုင်မှု ၂၅ ကြိမ်နှင့် တရားခံ ၆၈ဦး ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း၊ လက်နက်/ခဲယမ်းဖော်ထုတ်ဖမ်းဆီးရရှိမှုအနေနှင့် ၁၁၈ ကြိမ်၊ တရားခံ ၁၅၆ ဦးနှင့် လက်နက် မျိုးစုံ ၉၃၈ လက်၊ ခဲယမ်းမျိုးစုံ ၃၄,၃၅၁ တောင့်၊ ဖောက်ခွဲရေးနှင့် ဆက်စပ်ပစ္စည်း များ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပါကြောင်း ပြောကြားသည်။

**၂၁။** နိုင်ငံ၏နေရာအနည်းစုတွင် အကြမ်းဖက်မှုများ၊ လက်နက်ကိုင် သောင်းကျန်းမှု များရှိနေဆဲဖြစ်သော်လည်း ယခင်ကထက်စာလျှင် များစွာ လျော့ကျသွားပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီကျင့်သုံးရန် ဆောင်ရွက် နေသည့်နိုင်ငံဖြစ်ကြောင်း၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ နိုင်ငံတော်အစိုးရအနေဖြင့် ခိုင်ခိုင်မာမာအာမခံ ထားပြီးဖြစ်ကြောင်း၊ မိမိတို့၏ ယခုလမ်းကြောင်းက မည်သည့်အခါမှ သွေဖည်သွားမည် မဟုတ်ကြောင်း၊ ဒီမိုကရေစီစနစ်အပေါ်၌ လိမ်လည်မသမာမှုလုပ်ခဲ့သည့် မဲမသမာမှု များကြောင့်သာ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန် ရယူခဲ့ရခြင်း ဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ထပ်မံကျင်းပပေးရန်လည်း အာမခံပြီးဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ တည်ဆဲဥပဒေများနှင့်အညီသာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင် များအနေဖြင့်လည်း နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို နှောင့်ယှက် ဖျက်ဆီးနေသော အကြမ်းဖက်များကိုသာ ဥပဒေနှင့်အညီ ဆောင်ရွက်လျက် ရှိသည်ကို အသိပေးလိုပါ ကြောင်း ပြောကြားသည်။

၂၂။ ကိုဗစ်ကာလအတွင်း ကမ္ဘာ့နိုင်ငံတိုင်းလိုလိုတွင် စီးပွားရေးလုပ်ငန်းများ တုံ့နှေးခြင်း၊ ကျဆင်းခြင်းများဖြစ်နေကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည် စီးပွားရေးပြန်လည်ဦးမော့လာစေရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသော နိုင်ငံဖြစ်သည့်အတွက် ထိုကဏ္ဍများ တိုးတက်လာစေရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကမ္ဘာတွင် ကိုဗစ်ကာလအတွင်း အခြားစီးပွားရေးကဏ္ဍများ၊ ဝယ်လိုအားများ ကျဆင်းတာ မှန်သော်လည်း လူများ၏ နေ့စဉ်အခြေခံစားရေးလိုအပ်ချက်ကတော့ မကျ

ဆင်းကြောင်း၊ စား၊ ရေ၊ ရိက္ခာ လိုအပ်ချက်က ရှိနေဆဲဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အရှိန်မြှင့်တင်ပြီး ပြည်တွင်း စား၊ ရေ၊ ရိက္ခာဖူလုံရေး မှသည် ပြည်ပသို့ပိုမိုတင်ပို့နိုင်ရေး ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ တိုင်းပြည်၏ အင်အားဟာ ပြည်တွင်းမှာသာ ရှိကြောင်း၊ ထိုအတွက်လည်း သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး လက်တွေ့ကျကျ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူ တစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် တိုင်းပြည် စီးပွားရေးကို ဦးမော့လာအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**၂၃။** ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး က ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့၌ ကျင်းပပြီးစီးခဲ့သော ရွေးကောက်ပွဲနှင့် ပတ်သက်ပြီး စိစစ်တွေ့ရှိချက်များ၊ ဥပဒေနှင့်အညီ ဆောင်ရွက်ထားမှုများကို ဆက်လက်ပြောကြားသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၂၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၁) နှင့်အညီ ရွေးကောက်ပွဲကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းတွေကို အသေးစိတ် စိစစ်ခဲ့ကြောင်း၊ မြို့နယ်အသီးသီးမှာရှိသည့် မဲရုံပေါင်း ၃၉၉၆၃ ရုံများမှာ မဲပေးခဲ့သည့် အခြေအနေများနှင့် ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၅၃ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဝင်များ၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများက ကိုယ်စားလှယ်များ နှင့်အတူ ဖွင့်ဖောက်စစ်ဆေး ခြင်းများ၊ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးများကို တွေ့ဆုံ မေးမြန်းတာတွေ ဆောင်ရွက်ခဲ့ကြောင်း၊

ယနေ့သတင်းစာရှင်းလင်းပွဲမှာ တိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေများ၏ ရွေးကောက်ပွဲဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များ ထုတ်ပြန်ထားရှိသည့် အခြေအနေကို ဦးစွာတင်ပြမည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအလိုက် ကိုယ်စားလှယ်လောင်း ၅၆၃၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး မဲဆန္ဒရှင်ပေါင်း ၃၈၂၇၁၄၄၇ ဦးအနက် ၂၇၅၁၂၈၅၅ ဦး မဲပေးခဲ့သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၇၁.၈၉% ဆန္ဒမဲပေးခဲ့ကြောင်းကို ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ကြေညာခဲ့ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပါဝင်ယှဉ်ပြိုင်/ဆန္ဒမဲပေးမှုအခြေအနေများကို Power Point ဖြင့်တင်ပြထားပါကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေတို့၏ မဲဆန္ဒရှင်စာရင်းများကို စိစစ်တွေ့ရှိချက်စာရင်းချုပ် အရ စိစစ်ခဲ့တဲ့မြို့နယ်ပေါင်း ၃၁၅ မြို့နယ်၊ မဲရုံပေါင်း ၃၉၉၆၃ ရုံ၏ ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင်စာရင်းသည် ၃၈၂၇၁၄၄၇ **(သုံးဆယ့်ရှစ်သန်း နှစ်သိန်း ခုနစ်သောင်း တစ်ထောင် လေးရာ လေးဆယ့်ခုနစ်)** ဦးဖြစ်ကြောင်း၊ အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၃၁၇၇၅၃၃၀ **(သုံးဆယ့်တစ်သန်း ခုနစ်သိန်း ခုနစ်သောင်း ငါးထောင် သုံးရာ သုံးဆယ်)** ဦး ဖြစ်ပြီး ကွာခြားချက်အနေနဲ့ ၆၄၉၆၁၁၇ **(ခြောက်သန်း လေးသိန်း ကိုးသောင်း ခြောက်ထောင် တစ်ရာ တစ်ဆယ့် ခုနစ်)**ဦး ဖြစ်ကြောင်း၊ မဲဆန္ဒရှင်စာရင်းများမှာ နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရ လက်မှတ်မရှိသူ ၄၈၆၉၄၂၇ **(လေးသန်း ရှစ်သိန်း ခြောက်သောင်းကိုးထောင် လေးရာ နှစ်ဆယ့် ခုနစ်)** ဦး၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ် တစ်ခုတည်းနှင့် မဲစာရင်းမှာ ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၂၉၅၄၀၅ **(နှစ်သိန်း ကိုးသောင်း ငါးထောင် လေးရာ့ ငါး)** ဦး၊ ၂ ကြိမ် ပါဝင်နေသူ ၃၅၉၆၂၀၆ **(သုံးသန်း ငါးသိန်း ကိုးသောင်း ခြောက်ထောင် နှစ်ရာ့ ခြောက်)**

ဦး၊ တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်အချင်းချင်း အပြန်အလှန် စစ်ဆေးသည့် (Cross Check) အရ မဲစာရင်း ထပ်နေသူ ၁၀၉၁၇၇၆ **(တစ်သန်း ကိုးသောင်းတစ်ထောင်ခုနစ်ရာခုနစ်ဆယ့်ခြောက်)**ဦး၊တိုင်းဒေသကြီး/ပြည်နယ်တစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်စစ်ဆေးသည့် (Cross Check) အရ မဲစာရင်းထပ်နေသူ ၁၄၁၇၅၉၈ **(တစ်သန်း လေးသိန်း တစ်သောင်း ခုနစ်ထောင် ငါးရာကိုးဆယ့်ရှစ်)**ဦး၊ အသက် ၁၀၀ နှစ် အထက် မဲစာရင်းတွင်ပါဝင်နေသူ ၂၀၅၆၆ **(နှစ်သောင်း ငါးရာခြောက်ဆယ့်ခြောက်)** ဦး၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ် မပြည့်ဘဲမဲစာရင်းတွင် ပါဝင်နေသူ ၁၄၄၁၂ **(တစ်သောင်း လေးထောင် လေးရာ တစ်ဆယ့်နှစ်)**ဦးဖြစ်ကြောင်း တွေ့ရှိခဲ့သည့် အတွက် မဲမသမာမှုဖြစ်နိုင်သည့် မဲဆန္ဒရှင်စုစုပေါင်း ၁၁၃၀၅၃၉၀ **(ဆယ့် တစ်သန်း သုံးသိန်း ငါးထောင် သုံးရာ ကိုးဆယ်)** ဦးရှိ၍ မဲဆန္ဒရှင်ပေါင်းရဲ့ **၂၉.၅၄ ရာခိုင်နှုန်း** ဖြစ်သည်ကို စိစစ်တွေ့ရှိရကြောင်း၊ ယခုတင်ပြခဲ့သည့် မဲမသမာမှု ဖြစ်နိုင်သည့် မဲဆန္ဒရှင် **၁၁၃၀၅၃၉၀** နှင့် စပ်လျဉ်းသည့်မြို့နယ်၊ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် စာရင်းအသေးစိတ်အားလုံးကို ယခုခင်းကျင်းပြသထားကြောင်း၊ Hard Copy များကို လည်းကောင်း၊ Soft Copy များကို ကွန်ပျူတာဖြင့်လည်းကောင်း လက်တွေ့စစ်ဆေး ကြည့်ရှုနိုင်သည်ဟု တင်ပြအပ်ပါကြောင်း၊ အလားတူ ပြည်ထောင်စုနယ်မြေ၊ မန္တလေးတိုင်း ဒေသကြီးနှင့်ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များမှာ ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် မဲစာရင်းပုံစံ(၁)မှာ တင်ပြပါမဲစာရင်းထပ်နေသူများက ထပ်မံ မဲပေးသည့် အခြေအနေ ကိုလည်း လက်တွေ့ကြည့်ရှုနိုင်ရန် ပြသထားသည်ဟု အသိပေးအပ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်သူ့လွှတ်တော် မဲလက်မှတ်များကို စစ်ဆေး တွေ့ရှိချက်အရ စုစုပေါင်း ထုတ်ယူရရှိခဲ့သည့် ဆန္ဒမဲလက်မှတ် အရေအတွက်မှာ

၄၃၀၀၄၃၈၂ **(လေးဆယ့်သုံးသန်းလေးထောင်သုံးရာရှစ်ဆယ့်နှစ်)** ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သည့် လက်မှတ်ဖြတ်ပိုင်းများမှာ ၂၇၀၉၈၀၅၈ **(နှစ်ဆယ့် ခုနစ်သန်း ကိုးသောင်း ရှစ်ထောင် ငါးဆယ့်ရှစ်)** ဖြစ်သည့်အတွက် ကျန်ရမည့်အရေအတွက် ၁၅၉၀၆၃၂၄ **(ဆယ့်ငါးသန်း ကိုးသိန်း ခြောက်ထောင် သုံးရာ နှစ်ဆယ့်လေး)** ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၄၉၂၀၇၈၃ **(ဆယ့်လေးသန်း ကိုးသိန်း နှစ်သောင်း ခုနစ်ရာ ရှစ်ဆယ့်သုံး)** ဖြစ်နေမှုကို စိစစ်တွေ့ရှိရကြောင်း၊ ကွာခြားချက်အနေနှင့် ကျန်ရမည့်အရေအတွက်ထက်လျော့နည်းသည့် မဲလက်မှတ်အရေအတွက် ၁၄၂၄၃၉၁ **(တစ်သန်း လေးသိန်း နှစ်သောင်း လေးထောင် သုံးရာ ကိုးဆယ့်တစ်)** ဖြစ်ပြီး အပို တွေ့ရှိရသည့် မဲလက်မှတ်အရေအတွက်မှာ ၄၃၈၈၅၀ **(လေးသိန်း သုံးသောင်း ရှစ်ထောင် ရှစ်ရာ ငါးဆယ်)**ဖြစ်ကြောင်း၊ တင်ပြပါလျော့နည်းနှင့် အပိုတွေ့ရှိရသည့် မဲလက်မှတ်များသည် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ မဲမသမာမှု ဖြစ်ပေါ်စေသည်ကို စိစစ်တွေ့ရှိရကြောင်း ပြောကြားသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနဲ့ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး မဲဆန္ဒရှင်စာရင်းနှင့် မဲလက်မှတ်များ စစ်ဆေးစိစစ်မှု၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအသီးသီးသို့ မြေပြင် ကွင်းဆင်းစစ်ဆေးမှုအပါအဝင် ရွေးကောက်ပွဲဖြစ်စဉ် တစ်ရပ်လုံးအပေါ် လွှမ်းခြုံ သုံးသပ်ချက်အရ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲမဟုတ်သည်ကို တွေ့ရသည့်အပြင် NLD ပါတီအနေနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်မှာ အုပ်ချုပ်ရေးအာဏာနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်များကို အလွဲသုံးပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ခြင်းများ၊ ယခင်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အနေနဲ့လည်း တရားဝင်အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ဥပဒေ၊ နည်းဥပဒေများအား ကျော်လွန်ဖောက်ဖျက် လုပ်ဆောင် ခဲ့ခြင်းများကို စိစစ် တွေ့ရှိရသည့်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်နှင့် ပြည်ထောင်စု နယ်မြေတို့၏ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးလွှတ်တော်ကိုယ်စားလှယ်များ၊ ရွေးကောက်တင်မြှောက်ခဲ့သည့် ရွေးကောက်ပွဲရလဒ်များကို ဥပဒေနှင့်အညီ ပယ်ဖျက်မည် ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ရကြောင်း ပြောကြားသည်။

၂၅။ ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ် ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်များ ပယ်ဖျက်ကြောင်း ကြေညာချက်ထုတ်ပြန်ကြေညာခြင်းနှင့် စပ်လျဉ်းပြီး တင်ပြမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် နှင့်အညီ မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၀၂၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၁ နှင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ တို့နှင့်အညီ ဆက်လက် လုပ်ဆောင်နိုင်ရန် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲနှင့်စပ်လျဉ်းပြီး ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်းများနှင့်မဲလက်မှတ်များကို မြို့နယ်အလိုက် အသေးစိတ်စိစစ်ခြင်းများ၊ တာဝန်ရှိ ပုဂ္ဂိုလ်များကို တွေ့ဆုံ မေးမြန်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်အလိုက် မဲဆန္ဒရှင် စာရင်းစစ်ဆေးတွေ့ရှိချက်များအရ မဲမသမာမှုဖြစ်နိုင်သော မှားယွင်းသည့် မဲဆန္ဒရှင်အရေအတွက်စုစုပေါင်းမှာ ၁၁၃၀၅၃၉၀ ဖြစ်ပြီး ဆန္ဒမဲလက်မှတ်များ မြေပြင် စစ်ဆေးတွေ့ရှိချက်အရ ကျန်ရမည့်အရေအတွက်ထက် လျော့နည်းသည့် မဲလက်မှတ်

အရေအတွက် ၁၄၂၄၃၉၁ **(တစ်သန်း လေးသိန်း နှစ်သောင်း လေးထောင် သုံးရာ ကိုးဆယ့်တစ်)**နှင့် အပိုတွေ့ရသည့် မဲလက်မှတ်အရေအတွက် ၄၃၈၈၅၀ **(လေးသိန်း သုံးသောင်းရှစ်ထောင်ရှစ်ရာငါးဆယ်)** ဖြစ်ကြောင်းတွေ့ရှိရပြီး ၎င်းမဲလက်မှတ်များသည် မဲမသမာမှုများကိုဖြစ်ပွားစေသည်ဟု စိစစ်တွေ့ရှိရကြောင်း၊ ထို့အပြင် ရွေးကောက်ပွဲ ဆိုင်ရာလုပ်ငန်းစဉ်များနှင့် ဆန္ဒမဲပေးမှုအခြေအနေများကို စိစစ်ရာမှာလည်း ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့် အောက်ပါအချက်များကို တွေ့ရှိရကြောင်း-

(က) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် NLD ပါတီခေါင်းဆောင်များဖြစ်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များက ခန့်အပ်လိုသူများကို ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်ကို တွေ့ရှိရကြောင်း။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ညွှန်ကြားချက်အရ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန်ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာမှာ ဒီအဖွဲ့ကြောင့် လူဦးရေစာရင်းများပိုမိုထပ်ပြီး မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက်ပါဝင်မှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရကြောင်း။

(ဂ) အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များကို ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ ကြိုတင်ဆန္ဒမဲများ ကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့ ဝင်များပါဝင်၍

နေအိမ်များသို့ သွားရောက်ပြီး ဆောင်ရွက်ခဲ့သည်ကို တွေ့ရကြောင်း။

(ဃ) ကိုဗစ်-၁၉ ရောဂါနှင့်စပ်လျဉ်းသည့် ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက် များအရ မိမိမဲဆန္ဒနယ်သို့ ပြန်လည် ဆန္ဒမဲပေးခြင်း မပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲပေးရန် အသိပေးကြေညာချက်ကို ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာသည့် အတွက် မဲစာရင်းများထပ်ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ အစုလိုက်အပြုံလိုက် မဲစာရင်းမှာ ထည့်သွင်းပြီး မဲပေးခဲ့ခြင်းများ ဖြစ်ပေါ် စေခဲ့ကြောင်း။

( င ) မဲဆန္ဒရှင်များဆန္ဒမဲပေးသည့်အခါ နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှု မပြုနိုင်သည့် မဲဆန္ဒရှင်သက်သေခံလက်မှတ် (Voter Slip) များနဲ့ မဲပေးခဲ့ခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့် ညီညွတ်မှုမရှိသည့် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများကို မဲပေးခွင့် ပြုခဲ့ခြင်းကို တွေ့ရှိရကြောင်း။

( စ ) ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲမှာ အသုံးပြုရန် ဆန္ဒမဲလက်မှတ်များ မှာယူရိုက်နှိပ်ရာတွင် အမှန်လိုအပ်သည့်ပမာဏထက် ပိုမိုသည့် မဲလက်မှတ်စောင်ရေ ၁၃၉၃၃၁၁၂၀ စောင် ရိုက်နှိပ်ခဲ့ကြောင်း တွေ့ရှိရပြီး ဒီလိုရိုက်နှိပ်ရာမှာ ရွေးကောက်ပွဲ ကျင်းပသည့်နေ့မတိုင်မီ ၇-၁၁-၂၀၂၀ ရက်နေ့အပါအဝင် ထပ်မံရိုက်နှိပ်မှု ၇ ကြိမ်ဆောင်ရွက် ခဲ့ခြင်းကို တွေ့ရှိရကြောင်း။

(ဆ) ရွေးကောက်ပွဲနေ့တွင် မဲရုံများ၌ ဥပဒေနှင့်အညီ UEC တံဆိပ်ပါ ဆန္ဒပြုအမှန်ခြစ်တံဆိပ်တုံးများ သုံးရမည်ဖြစ်သော်လည်း အသုံးပြု

ခဲ့သည့် ဆန္ဒပြုအမှန်ခြစ် တံဆိပ်တုံးများနှင့်စပ်လျဉ်း၍ UEC တံဆိပ် မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံးရိုက်နှိပ်ထားသော မဲလက်မှတ်များ နှင့် အမှန်ခြစ်၍ ဆန္ဒပြုထားသော မဲလက်မှတ်များကို တွေ့ရှိပါက လည်း ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်းညွှန်ကြားခဲ့သည်ကို တွေ့ရှိ ရကြောင်း၊ ၎င်းညွှန်ကြားချက်သည် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှု၊ မှန်ကန်မှုမရှိသည်ကို တွေ့ရကြောင်း။

( ဇ ) ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ဖွဲ့စည်းခြင်း၊ မဲစာရင်း ကောက်ယူခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲဆိုင်ရာ စေ့စပ် ညှိနှိုင်းရေးကော်မတီများ ဖွဲ့စည်းခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ ဆန္ဒမဲပေးခြင်းစသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်း ဆောင်ရွက်မှုအဆင့်ဆင့်မှာ NLD ပါတီအနေနှင့် အုပ်ချုပ်ရေးအာဏာ ကို အလွဲသုံးစားပြုပြီး ဝင်ရောက်စွက်ဖက် မလျော်သြဇာသုံး၍ မသမာမှုများဆောင်ရွက်ခဲ့ခြင်းကို တွေ့ရှိရကြောင်း။

( ဈ ) NLD ပါတီမဟုတ်သည့် တခြားနိုင်ငံရေးပါတီများနှင့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေး အပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှုများကို အုပ်ချုပ်ရေး အာဏာ နှင့် ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်၊ တားမြစ်ချက်များကို အလွဲသုံးခြင်းဖြင့် ကန့်သတ် ထိန်းချုပ်ပြီး နိုင်ငံတော်အာဏာကို မတရားရယူရန် ကြိုတင် ကြံစည်ဆောင်ရွက်ခဲ့ခြင်းကို တွေ့ရကြောင်း။

(ည) ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့်လည်း တရားဝင် အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ဥပဒေ၊ နည်းဥပဒေ များကို ကျော်လွန်ဖောက်ဖျက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

၂၆။ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့မှာ ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်အပြင် လွတ်လပ်၍ တရားမျှတမှုမရှိသော ရွေးကောက်ပွဲဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသည့် အတွက် ရွေးကောက်ပွဲရလဒ်များကို ပယ်ဖျက်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့မှာ ကြေညာချက် အမှတ် (၂/၂၀၂၁) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်ပယ်ဖျက်တာနှင့်ပတ်သက် ပြီး ဆောင်ရွက်သည့်နေရာမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့် သက်ဆိုင်ရာ မြို့နယ်တစ်ခုချင်းအလိုက် စစ်ဆေးစိစစ်ထုတ်ပြန်ခြင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုချင်းစီအလိုက် စစ်ဆေးတွေ့ရှိချက်ထုတ်ပြန်ခြင်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်များ၏ ရွေးကောက်ပွဲဖြစ်စဉ်အပေါ် ခြုံငုံစစ်ဆေးတွေ့ရှိချက် ထုတ်ပြန်ခြင်းများကို ကိန်းဂဏန်းအချက်အလက်များ၊ စစ်ဆေးတွေ့ရှိချက်များ၊ ခိုင်လုံသည့် သက်သေအထောက်အထားများဖြင့် အကြိမ်ကြိမ်၊ အလီလီ စနစ်တကျ အတည်ပြုထုတ်ပြန် ဆောင်ရွက်ပြီးမှ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲရလဒ်ကို ဥပဒေနှင့်အညီ ပယ်ဖျက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

၂၇။ မိမိအနေဖြင့် အထူးတင်ပြလိုသည်မှာ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲ နောက်ပိုင်း

ကာလများမှာ ဖြစ်ပွားခဲ့သည့် မဲစာရင်းဆိုင်ရာ၊ မဲဆွယ်စည်းရုံးရေးဆိုင်ရာ၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲ နေ့မဲပေးခြင်းဆိုင်ရာအပါအဝင် ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဖြစ်စဉ်များနှင့် စပ်လျဉ်းပြီး တပ်မတော်က နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ရှေးရှု၍ ပြည်ထောင်စုလွှတ်တော်က သော်လည်းကောင်း၊ နိုင်ငံတော်အစိုးရကသော်လည်းကောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကသော်လည်းကောင်း နည်းလမ်းရှာ၍ ဖြေရှင်းပေးရန် သဘောထားထုတ်ပြန်ခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်မှုမရှိခဲ့ခြင်း၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီအပါအဝင် နိုင်ငံရေးပါတီ ၁၉ ပါတီမှ ဥက္ကဋ္ဌ / ဒုတိယ ဥက္ကဋ္ဌများက ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအား ကျော်လွန်လုပ်ဆောင် ပြီး ဥပဒေကပေးအပ်ထားသော တာဝန်များပျက်ကွက်နေသည့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အား အရေးယူပေးရန် နိုင်ငံတော်သမ္မတထံ အိတ်ဖွင့်ပေးစာ ပေးပို့ခဲ့သော်လည်း အရေးယူဆောင်ရွက်ခဲ့မှုမရှိခြင်း၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ် မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းအေးအပါအဝင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ လေးပုံတစ်ပုံကျော်ဖြစ်သော ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ပြည်ထောင်စု လွှတ်တော်အထူးအစည်းအဝေး ခေါ်ယူကျင်းပပေးရန် တောင်းဆိုလွှာ တင်သွင်းခြင်း ကိုလည်း ကျင်းပရန် မလိုအပ်ကြောင်း ပြန်ကြားငြင်းပယ်ခဲ့ခြင်းကို တွေ့ရှိရမည် ဖြစ်ကြောင်း၊ ထိုအရာများကို ကြည့်မည်ဆိုလျှင် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများအပေါ်မှာ ညှိနှိုင်းဆွေးနွေး အဖြေရှာခြင်းဆိုသည့် နည်းလမ်းများ ပျောက်ဆုံးခဲ့ရကြောင်း၊ မဲမသမာမှု များကို ဖြေရှင်းရန်မလုပ်ဘဲ မသမာမှုများရှိသည့် ရွေးကောက်ပွဲရလဒ်ဖြင့် လွှတ်တော် အတင်းခေါ်ယူရန် ကြိုးစားလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ယခု ဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ လက်ရှိဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မှုအကြောင်းအရာများကိုရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း၊

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေနှင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ လုပ်ငန်းစဉ်(၁)ဖြစ်သည့် မဲစာရင်းစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်ရာမှာ စစ်ဆေးတွေ့ရှိချက်များ အရ တာဝန်ရှိသူများကို ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ လက်ရှိအချိန်မှာ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲဖြစ်စဉ်များအပါအဝင် စိစစ်တွေ့ရှိချက်များကို အခြေခံပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ဆိုင်ရာ၊ ရွေးကောက်ပွဲစနစ်အပါအဝင် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများဆိုင်ရာ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေ များဆိုင်ရာများကို အသေးစိတ်လေ့လာဆန်းစစ်ပြီး မိမိနိုင်ငံတော်နှင့် နိုင်ငံသားများကို အကျိုးဖြစ်ထွန်းရန် သုံးသပ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် သင့်လျော်သည့် ရွေးကောက်ပွဲစနစ်ဖြစ်သည့် အချိုးကျ ကိုယ်စားပြုစနစ် PR စနစ် ကျင့်သုံးနိုင်ရေးကိုလည်း နိုင်ငံရေးပါတီများနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ နိုင်ငံတော်တာဝန် ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်း စဉ် ၅ ရပ်ပါလုပ်ငန်းစဉ် (၁) ကို ဥပဒေနှင့်အညီ လုပ်ဆောင်ရာတွင် ဆက်လက်ဆောင်ရွက်ရန် ကျန်လုပ်ငန်း အချို့ကို ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် လုပ်ငန်းစဉ် (၅) ဖြစ်သည့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီး ပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေး ဆက်လက်ဆောင်ရွက် သွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

၂၈။ ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးတို့က တက်ရောက်လာကြသည့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှ ကိုယ်စားလှယ်များကို ခင်းကျင်းပြသထားသည့် မဲစာရင်း လက်တွေ့ စစ်ဆေးချက်များ၊ ဖမ်းမိထားသည့် အကြမ်းဖက်သောင်းကျန်းသူများ၏ အချက်အလက် များနှင့်ပတ်သက်ပြီး သံတမန်များ သိလိုသည်များကို လိုက်လံရှင်းလင်းဖြေကြားသည်။

၂၉။ ၎င်းနောက် ဒုတိယပိုင်းအစီအစဉ်ကိုဆက်လက်ပြုလုပ်ရာ ဗိုလ်ချုပ် ဇော်မင်းထွန်း က မီဒီယာတစ်ခုကို မေးခွန်းတစ်ခုမေးမြန်းရန်နှင့် ထပ်နေသည့် မေးခွန်းများကို ထပ်မံမမေးမြန်းရန် မေတ္တာရပ်ခံလိုကြောင်း၊ နိုင်ငံတော်အဆင့် သတင်းစာရှင်းလင်းပွဲ ဖြစ်သည့်အတွက် အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် ဖြစ်နေသည့်အရာများကို မိမိတို့အနေဖြင့်မသိနိုင်ပါကြောင်း၊ ထိုမေးခွန်းများကို ရှောင်ရှားပေးရန်ပြောလိုကြောင်း ဦးစွာပြောကြားသည်။

၃၀။ **Myanmar Public Press News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦး**က ယခုအချိန်တွင် PDF များကိုလက်ခံပြီး အကြမ်းဖက်လုပ်ငန်းများ၊ ဖောက်ခွဲရေးသင်တန်းများပေးနေသည့် လက်နက်ကိုင်အဖွဲ့များနှင့် တပ်မတော်တို့ ထိတွေ့မှုဖြစ်စဉ်များကို သိလိုကြောင်း၊ အထူးသဖြင့် KIO/KIA ၊ ကရင်ပြည်နယ်တွင် တပ်မဟာ(၅)နယ်မြေကို သိမ်းပိုက်လိုက်ပြီ၊ တပ်မဟာ(၆)တွင် ထိုးစစ်ဆင်နေပြီဟု Online ပေါ်တွင် ထိုကဲ့သို့ သတင်းအမျိုးမျိုး တွေ့နေရသည့်အတွက် ထိုသတင်းများနှင့် ပတ်သက်ပြီး တိတိကျကျ သိရှိရရန်အတွက် ရှင်းလင်း ပြောကြားပေးစေလိုကြောင်း မေးမြန်းသည်။

၃၁။ **ဗိုလ်ချုပ် ဇော်မင်းထွန်းက** KIA နှင့်ပတ်သက်၍ ထိတွေ့တိုက်ပွဲများရှိကြောင်း၊ လက်တွေ့ဖြစ်ပွားနေသည်မှာ တစ်ပတ်ကိုနှစ်ကြိမ်၊ သုံးကြိမ်နီးပါး ရှိကြောင်း၊ အဆိုးဆုံး ဖြစ်စဉ်မှာ ခလရ(၅၈)ကို ဝိုင်းဝန်းတိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်မျိုးရှိကြောင်း၊ ၎င်းတို့ အနေဖြင့် လွန်ခဲ့သည့် ၂ ရက်ခန့်က ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ကြေညာချက်ကဲ့သို့ ကြေညာလာခဲ့ကြောင်း၊ ထိုကြေညာချက်နှင့်ပတ်သက်ပြီး ရှင်းရှင်းလင်းလင်းသိရှိရန် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိတွေ့တိုက်ပွဲဖြစ်ပွားမှုတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) တွင်ရှိသည့် MNDAA နှင့်ထိတွေ့တိုက်ပွဲဖြစ်ပွားမှုရှိကြောင်း၊ ကယားဖက်တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် တိုက်ပွဲဖြစ်ပွားမှုများရှိကြောင်း၊ ယခင်က မြို့ပေါ်အထိဖြစ်ပွားခဲ့မှုများရှိကြောင်း၊ ဒီးမော့ဆိုမြို့တွင် ရဲစခန်းကို တိုက်ခိုက်မှုမျိုး ရှိကြောင်း၊ နောက်ပိုင်းမရှိတော့ဘဲ ထိုနေရာပတ်ဝန်းကျင်တွင်သာရှိသည်ကို တွေ့ရ ကြောင်း၊ KNU တပ်မဟာ(၅)နယ်မြေဘက်တွင် တချို့ထိတွေ့တိုက်ပွဲများရှိသော်လည်း ပြင်းထန်သည့် ထိတွေ့တိုက်ပွဲများမရှိကြောင်း၊ ထူးခြားသည်မှာ ယခုရက်ပိုင်းအတွင်း တပ်မဟာ(၆)နယ်မြေ၌ ထိတွေ့မှုတချို့ဖြစ်ပွားခဲ့ကြောင်း၊ တနင်္သာရီဘက်၌ ထိတွေ့တိုက်ပွဲ ဖြစ်စဉ်မရှိကြောင်း၊ ရခိုင်ပြည်နယ်ဘက်တွင် တိုက်ပွဲဖြစ်စဉ်မရှိကြောင်း၊ ချင်းပြည်နယ် ဘက်တွင် မင်းတပ်၊ ထန်တလန်၊ ဟားခါး တစ်ဝိုက်ရွာများဘက်၌သာ ဖြစ်ပွားခဲ့ကြောင်း၊ ယခင်က မင်းတပ်မြို့ပေါ်အထိဖြစ်ပွားခဲ့မှုရှိကြောင်း၊ ယခုနောက်ပိုင်းတွင် ရွာများ ဘက်တွင် လုံခြုံရေးအရဆောင်ရွက်ပေးနေရင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲမျိုးများရှိကြောင်း၊ အားလုံးခြုံငုံပြောရမည်ဆိုပါက EAO နယ်မြေများတွင် PDF အဖွဲ့များ ရောက်နေပြီး တိုက်ပွဲဖြစ်ပွားမှုများရှိကြောင်း၊ သို့သော် ပြောလိုသည်မှာ ယခင်ကတည်းကရှိခဲ့သည့် တိုက်ပွဲပုံစံအမျိုးအစားများတော့ရှိကြောင်း၊ လုံခြုံရေးအရ ပိုမို၍ ဂရုတစိုက်ဆောင်ရွက်လျက်ရှိသည်ကို ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

၃၂။ **ဆက်လက်၍ Myanmar Public News Agency မှ သတင်းထောက် ဒေါက်တာ စိုးမြင့်ဦးက** တပ်မဟာ(၆)နယ်မြေတွင် PDF များကို အလုံးအရင်းဖြင့် အသတ်ခံရသည့် (Dead Body) များကို တပ်မတော်ကရှင်းလင်းရာ၌ တွေ့ရှိသည်ဆို သည့်သတင်းအား အတည်ပြု၍ရပါသလားဟု မေးမြန်းသည်။

၃၃။ **ဗိုလ်ချုပ် ဇော်မင်းထွန်းက** ထိုသတင်းမှာ အတည်ပြု၍မရကြောင်း၊ မိမိတို့ စုံစမ်းဖော်ထုတ်နေဆဲ သတင်းတစ်ခုအရ တပ်မဟာ(၅)နယ်မြေဘက်၌ PDF အဖွဲ့များမှ ထွက်ပြေးမှုများရှိကြောင်း၊ ထိုသို့ ထွက်ပြေးသည့်လူများကို လှောင်အိမ်ထဲထည့်ထားသည့် ဖြစ်စဉ်မျိုးများရှိသည်ကို အတည်ပြုဆဲ သတင်းများ အရသိရှိရကြောင်း ပြန်လည် ဖြေကြားသည်။

၃၄။ **နေပြည်တော်တိုင်းမ်သတင်းအေဂျင်စီမှ အယ်ဒီတာ ဦးမင်းမောင်**က အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၁၇ ၊ ပုဒ်မ ၁၈၊ ပုဒ်မ ၅၂ တို့ကို လူငယ်တော်တော် များများက မသိရှိသည့်အတွက် လမ်းမှားသို့ရောက်ပြီး PDF များနှင့်ပူးပေါင်း၍ ပါသွားသည်ကို ကြားသိရကြောင်း၊ နောက်ထပ် လမ်းမှား မရောက်သေးသည့် လူငယ်များကို ကျယ်ကျယ် ပြန့်ပြန့်သိစေချင်သည့် သဘောတရားကြောင့် ထိုပုဒ်မများကို အကျယ်တဝင့် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

၃၅။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ခဲ့ရမှု များရှိကြောင်း၊ ပြင်ဆင်ခဲ့မှုများနှင့်ပတ်သက်ပြီး သတင်းထောက်များ သတင်းများမေးနေ၍ Information Team တွင် အသေးစိတ်ပြောထားကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပြင်ဆင်ရခြင်း ရည်ရွယ်ချက်နှင့် အကျိုး သက်ရောက်လာမည့်အကြောင်းကို မိမိအနေဖြင့် အကျဉ်းချုံ့ပြောလိုကြောင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတွင် အကြမ်းဖက်အုပ်စုများ၊ လှုံ့ဆော်မှုများ၊ အကြမ်းဖက်သမားများပါဝင်ကြောင်း၊ ထိုအထဲတွင် ပုဒ်မ ၃ ၊ ပုဒ်ခွဲ(ခ)၊

ပုဒ်မခွဲငယ်(၁၅)တွင် အကြမ်းဖက်အုပ်စု တစ်ခုခုတွင် ဖြစ်စေ၊ အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်ရာတွင်ဖြစ်စေ လူတစ်ဦးဦးအား ပါဝင်စေရန်တိုက်တွန်းမှု၊ စည်းရုံးသိမ်းသွင်းမှု၊ ဝါဒဖြန့်မှု၊ စုဆောင်းရန်ပြုလုပ်မှုများဟု ပြဋ္ဌာန်းထားသော်လည်း အခန်း(၁၄) ပြစ်မှုနှင့်ပြစ်ဒဏ်အပိုဒ်တွင် ပြစ်မှုပြစ်ဒဏ် ပြဋ္ဌာန်းချက် ထည့်သွင်းပြဋ္ဌာန်းရန်ကျန်ရှိကြောင်း၊ ပုဒ်မ ၃ တွင် အကြမ်းဖက်လုပ်ရပ်ကို အားပေးနေသည့်လူများ၊ တိုက်တွန်းနေသည့်လူများ၊ စည်းရုံးသိမ်းသွင်းနေသည့် လူများ၊ စုဆောင်းရန်ပြုနေသည့်လူများ၊ ထိုလူများကိုအပြစ်ပေးရန် ပြစ်မှုပြစ်ဒဏ် ပြဋ္ဌာန်းရန်အတွက် အခန်း(၁၄)တွင် ကျန်ရှိနေသည့်အတွက် အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေအား ပြင်ဆင်သည့်ဥပဒေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥပဒေ (၂၁/ ၂၀၂၁)ဖြင့် ပြဋ္ဌာန်းခဲ့ကြောင်း၊ ဖြည့်စွက်ပြဋ္ဌာန်းရာတွင် သဘောသဘာဝတူညီသည့် ပုဒ်မ ၂၅ ၊ ပုဒ်မခွဲ(က)ကို ဖြည့်စွက်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အတွက် ထိုသူများသည် အနည်းဆုံးထောင်ဒဏ် ၃ နှစ် မှ ၇ နှစ်အထိ ချမှတ်ခံရမည်ဖြစ်သည့် အပြင် ငွေဒဏ်လည်းချမှတ်ခံရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အသိပေးလိုသည်မှာ လက်ရှိဥပဒေအရ အကြမ်းဖက်အုပ်စုအဖြစ် သတ်မှတ်ထားသော CRPH ၊ NUG ၊ PDF အဖွဲ့များကို တစ်ဦးတစ်ယောက်တည်း အနေဖြစ်ရော၊ အခြားလူတစ်ဦးဦးအား ပါဝင်ရန် တိုက်တွန်းမှုများ၊ စည်းရုံး သိမ်းသွင်းမှုများ၊ ဝါဒဖြန့်မှုများ၊ လူသစ်စုဆောင်းမှုများ၊ သတင်းစုဆောင်းမှုများ၊ အချက်အလက်စုဆောင်းမှုများပြုလုပ်ပါက ထောင်ဒဏ် ၃ နှစ်မှ အများဆုံး ၇ နှစ်အထိ ချမှတ်သည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် အကြမ်းဖက်မှုကျူးလွန်ရန်အတွက် စာအားဖြင့်လည်းကောင်း၊ လူမှုကွန်ရက် တွင်ဖြစ်စေ၊ တယ်လီဖုန်း၊ အခြားဆက်သွယ်ရေးကိရိယာတစ်ခုခုဖြင့်ဖြစ်စေ၊ နည်းပညာ တစ်ခုဖြင့် တိုက်တွန်းမှုများ၊ စည်းရုံးသိမ်းသွင်းမှုများ၊ မဟုတ်မမှန် သတင်းဖြန့်ချိမှုများ၊ အကြမ်းဖက်အဖွဲ့အစည်းဖြင့် ချိတ်ဆက်ရန်၊ လူသစ်စုဆောင်းမှုများ၊ အကြမ်းဖက် သမားများကိုအကြမ်းဖက်မှုပြုနိုင်ရန်

သတင်းစုဆောင်းပေးမှုများသည်လည်း ဥပဒေထဲတွင် အကျုံးဝင်မည်ဖြစ်၍ အားလုံး သိရှိကြရန် ပြောလိုကြောင်း ပြန်လည်ဖြေကြား သည်။

၃၆။ **One News Chennal မှ သတင်းထောက် ဦးမင်းဇင်**က အာဆီယံနှင့်မြန်မာ နိုင်ငံကြားတွင် ဧပြီလ ၂၄ ရက်နေ့က ဆွေးနွေးသဘောတူညီခဲ့သည့် ဘုံသဘော တူညီချက်(၅)ချက်၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မည်သည့်အချက် များကို ဆောင်ရွက်ပြီးပြီလဲ၊ မည်သည့်အချက်များကို အဓိကထားဆောင်ရွက်နေလဲ၊ ယခုအချိန် အာဆီယံအထူးကိုယ်စားလှယ်အဖြစ် Mr. Erywan Yusof ကို ကိုယ်စားလှယ်အဖြစ် ခန့်အပ်ပြီးသည့်အချိန်တွင် မြန်မာနိုင်ငံက တာဝန်ရှိသူများနှင့် ဆွေးနွေးပြီးပြီလား၊ မည်သည့်အချက်များကို ဆွေးနွေးနေသည်ကို သိလိုကြောင်း၊ နောက်တစ်ချက်မှာ အာဆီယံဘုံသဘောတူညီချက်(၅)ချက်တွင် အရေးကြီးသည့် နိုင်ငံ အတွင်း၌ အကြမ်းဖက်မှုကန့်သတ်ရေးနှင့် သက်ဆိုင်သူများကြားတွင် အပြုသဘော ဆောင် တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းရေးအဖြေရှာမည့်အခြေအနေကို အသေးစိတ် ရှင်းပြပေးစေလိုကြောင်း မေးမြန်းသည်။

၃၇။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က အာဆီယံကိုယ်စားလှယ်ခန့်အပ်ရန်အတွက် သတင်း ထုတ်ပြန်ခဲ့မှုရှိကြောင်း၊ ယခင်က အာဆီယံကိုယ်စားလှယ်ခန့်အပ်ရန် အာဆီယံနိုင်ငံ များက ၃ ဦး အဆိုပြုခဲ့ကြောင်း၊ ထို ၃ ဦးထဲတွင် ထိုင်းဒုတိယနိုင်ငံခြားရေးဝန်ကြီးကို ၎င်းတို့ အဆိုပြုသည့်လူကိုသာ မိမိတို့က သဘောတူသည်ဟု တုန့်ပြန်ခဲ့ကြောင်း၊ ထိုသို့ တုံ့ပြန်သည့်အခါ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပခဲ့သည့် (၅၄)ကြိမ်မြောက် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးတွင် ဘုံသဘောတူညီချက် မရဘူးဟု ဆိုကြောင်း၊ ဘရူနိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး(၂)ကို ခန့်အပ်ပေးရန် ပြောကြောင်း၊ ထို့ကြောင့် ၎င်းအစည်းအဝေးတွင် မိမိတို့က တရားဝင်စာထုတ်ရန် တုံ့ပြန်ခဲ့၍ တရားဝင် စာပေးပြီး ဆက်လက်ဆွေးနွေးရာ မိမိတို့က ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၄

ရက်နေ့ အစည်းအဝေးတွင် အဆိုပါ ဘရူနိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး(၂)ကို သဘောတူ သည်ဟုတုံ့ပြန်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် လုပ်ဆောင်ဖွယ်ရာ ရှိသည့်လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအထဲတွင် ဘုံသဘောတူညီချက်(၅)ရပ် ရှိပြီးဖြစ်ကြောင်း၊ ခန့်အပ်သည့်အချိန်တွင် မိမိတို့အနေဖြင့် မှတ်တမ်းတင်ပေးပါ မေတ္တာရပ်ခံခဲ့သည့်အချက် (၃)ချက်ရှိကြောင်း၊ ထိုအချက်(၃)ချက်ကို အနှစ်ချုပ်ပြော ပေးမည်ဖြစ်ကြောင်း၊ ယခုခန့်အပ်လိုက်သည့် အာဆီယံကိုယ်စားလှယ်အနေဖြင့်လည်း အာဆီယံခေါင်းဆောင် များအစည်းအဝေး ကြေညာချက်ပါ တူညီဆန္ဒ(၅)ချက် နှင့်အညီ ၎င်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ပါဟု မိမိတို့ပြောထားကြောင်း၊ ထိုအတိုင်း မိမိတို့က လိုက်နာဆောင်ရွက်နိုင်ရန်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အားလုံးကို အာဆီယံသဘောတူချက်(၅)ချက်အတိုင်းသာ ဆောင်ရွက်ပေးရန် အတွက် လမ်းဖွင့်ပေးပြီး၊ သဘောတူပြီးဖြစ်သည်ဟုပြောလိုကြောင်း၊ မည်သည့် အဆင့်ရောက်ပြီဆိုလျှင် မိမိတို့အနေဖြင့် ထိုအာဆီယံကိုယ်စားလှယ်နှင့် ပတ်သက်ပြီး သဘောတူသည့်အဆင့် လမ်းဖွင့်ပေးထားသည့် အဆင့်ရောက်ပြီဖြစ် ကြောင်း၊ ဥပမာပြောရမည်ဆိုပါက ယခုသတင်းစာရှင်းလင်းပွဲသို့ တက်ရောက်နိုင်ရန် လည်း ဖိတ်ခေါ်ခဲ့ပါကြောင်း ပြန်လည်ဖြေကြားသည်။

၃၈။ **Sankei Shimbun သတင်းစာ၏ ဌာနေသတင်းထောက် ဒေါက်တာဇော်သန်း** က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီး သေဆုံးမှုနှုန်းက ဇူလိုင်လတွင် တစ်ရက်ကို ၂၀၀ ကျော်ခန့်ရှိနေပြီး ယခုဩဂုတ်လ တတိယအပတ်တွင် အတော်ပင်ကျဆင်း သွားကြောင်း၊ ဤသည်မှာ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှု၊ တစ်နေရာမှ တစ်နေရာ ကူးလူးမသွားလာခြင်းလည်းပါကြောင်း၊ ကာကွယ်ဆေးကို ကျယ်ကျယ်ပြန့်ပြန့် ပိုပြီးထိုးပေးနိုင်သည့်အတွက်ကြောင့်လည်းပါကြောင်း၊ ယခင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောခဲ့ဖူးသည့် မိန့်ခွန်းတွင် ကိုဗစ်-၁၉ ရောဂါ

ကာကွယ်ဆေးကို မိမိတို့နိုင်ငံအတွင်း ထုတ်လုပ်နိုင်ရန်အတွက် ရုရှားနိုင်ငံနှင့် ပူးပေါင်းထုတ်လုပ်နိုင်ရန် အစီအစဉ်ရှိသည့် အလားအလာကို သိလိုကြောင်း မေးမြန်းသည်။

၃၉။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်ပြီး မိမိပြောပြမည့် အကြောင်းအရာသည် ပညာရှင်တစ်ယောက်အနေဖြင့် ပြောခြင်းမဟုတ်ကြောင်း၊ မိမိနားလည် သမျှကို သတင်းထောက်များကို Share လုပ်ခြင်းဖြစ်ကြောင်း၊ မိမိပြောမည့် အကြောင်းအရာများထဲတွင် ပညာရှင်ဆန်ဆန်ပြောခြင်း မဟုတ်သည့်အတွက် မှားနိုင် သည့်အချက်အလက်များပါကြောင်း၊ သို့သော်လည်း ယေဘုယျအားဖြင့် ဤအတိုင်းသာ ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနက ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြဝဏ္ဏစိုး လည်းရှိကြောင်း၊ ဖြည့်စွက်၍ ပြောပြပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို မြန်မာနိုင်ငံအတွင်း၌ ထုတ်ချင်သည့် နံပါတ်(၁)အချက်က အိန္ဒိယမှ ကာကွယ်ဆေးအလုံး သန်း ၃၀ ဝယ်ခဲ့ကြောင်း၊ ဝယ်ယူသည့်အခါ ၂ သန်းရရှိပြီး ၁ ဒသမ ၅ သန်းကိုလှူကြောင်း၊ ထိုသို့ရရှိ ပြီးနောက်ပိုင်းတွင် ကာကွယ်ဆေးကို မရတော့ကြောင်း၊ ၎င်းကိုလည်း အပြစ်ပြော၍မရကြောင်း၊ အဘယ့်ကြောင့်ဆိုသော် ၎င်းတို့နိုင်ငံတွင်လည်း ရောဂါဖြစ်နေ၍ အခြားနိုင်ငံများကိုလည်း မရောင်းနိုင်တော့ကြောင်း၊ ယခုအချိန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရန် မိမိတို့တစ်နိုင်ငံတည်း ကြိုးစားနေခြင်းမဟုတ်ဘဲ ကျန်နိုင်ငံများကလည်း ကြိုးစားနေကြကြောင်း၊ အမှာစာများကို ယခင်ကတည်းက ပို့ထားပြီးဖြစ်ကြောင်း၊ သို့သော် မရတော့၍ တရုတ်နိုင်ငံသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဝယ်မည်ဟု အမှာစာပို့ရကြောင်း၊ မိမိတို့၏အရှေ့၌ တရုတ်နိုင်ငံတွင် အမှာစာများ များစွာ ရှိကြောင်း၊ သို့သော် ၎င်းတို့က အိမ်နီးနားချင်းကောင်း ပီသစွာပေးသည့်အတွက် ယခုအချိန်မီ ထိုးနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ( ဥပမာ

မိမိတို့အားကိုးနေသည့် နိုင်ငံတစ်နိုင်ငံက ကိုဗစ်-၁၉ ရောဂါထပ်ပြီးဖြစ် သည်ဆိုလျှင် မိမိတို့ကိုပေးသည့်ဆေးပေးနိုင်ဦးမည်လား ) မည်မျှပင် ပိုက်ဆံပေးထား သည်ဖြစ်စေ အိန္ဒိယနိုင်ငံဆိုလျှင် အလုံးသန်း ၃၀ အတွက် ငွေချေပြီးဖြစ်ပါကြောင်း၊ မပေး နိုင်သေးပါကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ထုတ်နိုင်လျှင် စိတ်အချရဆုံးဟု၍ မိမိတို့နိုင်ငံတွင်ထုတ်ရန်လုပ်နေပါကြောင်း၊ မိမိတို့လုပ်သည့်အခါတွင် ရုရှားနှင့် ညှိနှိုင်း ပါကြောင်း၊ တရုတ်နိုင်ငံနှင့်လည်း ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံလုံးနှင့် ဆောင်ရွက်ပြီးလုပ်နေပါကြောင်း၊ မိမိပြောနိုင်သည်မှာ မြန်မာနိုင်ငံအတွင်းတွင် ယခုနှစ်မကုန်မီတွင် ထုတ်လုပ်နိုင်သည့် အလားအလာ များသည်ဟု ပြောလိုပါကြောင်း ပြန်လည်ဖြေကြားသည်။

၄၀။ **ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မြတ်ဝဏ္ဏစိုး**က ဖြည့်စွက်ဖြေကြားရာတွင် ကာကွယ်ဆေးနှင့်ပတ်သက်၍ အိန္ဒိယနိုင်ငံ က **Viral Vector** ဟုခေါ်သည့် **Modify** လုပ်ထားသည့်ဆေးကို ဝယ်ယူပါကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကလည်း **Inactivated** ဟုခေါ်သည့် ပိုးအရှင်နှင့်သုံးသည့် ဆေးကိုလည်းသုံးပါကြောင်း၊ ထို့အတူ ရုရှားနိုင်ငံက **Sputnik** ဆေးကလည်း **Viral Vector** အမျိုးအစားတစ်မျိုးပင်ဖြစ်ကြောင်း၊ ယင်းကိုလည်း မိမိတို့ကြိုးစားပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထုတ်လုပ်ရန်အတွက် စက်မှုဝန်ကြီးဌာန တွင်ရှိသည့် ကာကွယ်ဆေးစက်ရုံတွင် ထုတ်လုပ်ရန်အတွက် စက်မှုဝန်ကြီးဌာန၊ သက်ဆိုင်ရာကုမ္ပဏီ၊ ကျန်းမာရေးဝန်ကြီးဌာနတို့ ဆွေးနွေးနေပါကြောင်း၊ ဆွေးနွေးပြီး ပါက ၎င်းတို့မှ ပစ္စည်းများလာရောက်လုပ်မည်ဆိုပါက မိမိတို့က ပုလင်းထဲထည့်ပြီး ကာကွယ်ဆေးများ ထုတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုကာကွယ်ဆေးကို နိုင်ငံတကာ အဆင့်မီသုံးစွဲနိုင်သည့်အဆင့်ရောက်ရန်၊ ပြည်သူများအန္တရာယ်မရှိရန် **FDA Approval** ရရန် ကြိုးစားပြီး ဆောင်ရွက်သွားမည် ဖြစ်သည့်အတွက် ယခုအခါ

ဆောင်ရွက်ဆဲ အဆင့်တွင်သာရှိသည်ကို မိမိအနေဖြင့် ပြောလိုပါကြောင်း ဖြေကြားသည်။

၄၁။ ဆက်လက်ပြီး **ခေတ်ပုံရိပ်ဂျာနယ်မှ သတင်းထောက် ဦးနေမင်း(သထုံ)**က မြို့နယ်အသီးသီးတွင်ရှိသည့် ပုဒ်မ-၅၀၅ နှင့် ဖမ်းဆီးခံထားရသည့် လူများကို ပထမအကြိမ်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် စိစစ်ပြီး လွှတ်ပေးသည်ဟုသိရပါကြောင်း၊ ဒုတိယအကြိမ် ပြန်လွှတ်ပေးရန်ရှိ/မရှိ သိလိုပါကြောင်း မေးမြန်းသည်။

**၄၂။ ဗိုလ်ချုပ် ဇော်မင်းထွန်း**က ထိုကိစ္စနှင့်ပတ်သက်၍ ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာအမှုများ ပိတ်သိမ်းခြင်းဟူ၍ ဇူလိုင်လ ၂၀ ရက်နေ့တွင် ကြေညာပြီးဖြစ်ပါကြောင်း၊ အပိုဒ် ၁ တွင် ကိုဗစ်-၁၉ ရောဂါကြောင့် နှောင့်နှေးကြန့်ကြာနေခြင်းများ ရှိပါကြောင်း၊ ထို့ကြောင့် စွပ်စွဲခံရသည့် နိုင်ငံသားများကို သက်ညှာစွာစဥ်းစားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ-၄၁၉ အရ အမိန့်ထုတ်ပြန်ခဲ့ပါကြောင်း၊ ထိုအထဲတွင် ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ထိုနေ့မတိုင်မီက ပြစ်မှုများနှင့် သက်ဆိုင်ရာတရားရုံးတွင် စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာ အမှုများကို ပိတ်သိမ်း၍ တရားခံများကို အမှုမှလွှတ်ရမည်ဟု ပြောပါကြောင်း၊ ထိုအထဲတွင် အမှုအမျိုးအစားပေါင်း ၁၁ မျိုးပါဝင်ပြီး ထို ၁၁ မျိုးတွင် ပါဝင် သူများက လွတ်ခွင့်ရမည်ဖြစ်ပါကြောင်း၊ သတင်းထောက်ကြီးပြောသည့်ပုဒ်မ မပါဝင်သေးပါကြောင်း၊ သို့သော် ပုဒ်မ-၅၀၅ သည် ထိုထဲတွင်မပါဝင်ဘဲ အဘယ့်ကြောင့် လွတ်လဲဆိုလျှင် ကန့်သတ်ချက်များ၊ စံချိန်စံညွှန်းများရှိကြောင်း၊ ထဲထဲဝင်ဝင်ပတ်သက်ခြင်းမရှိသည့်သူများ၊ အခြားသူများ၏ သွေးထိုးမှုကြောင့်လုပ်ရသူများ၊ ယခုအချိန်တွင် မလုပ်ပါဟုဝန်ခံထားသူများ ၊ ထိုသူများကို စိစစ်ပြီး လုပ်ဆောင်နေဆဲဖြစ်ပါကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် ယခင် တစ်ပတ်က လူ ၃၀၀ ကျော်စိစစ်ပြီးတင်ပြီး လူ ၂၀၀ ခန့် လွှတ်ပေးခဲ့ပါကြောင်း၊ အစီအစဉ်ရှိပါကြောင်း၊ ထိုအတိုင်းသာလုပ်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၄၃။ **ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီးကျော်လင်း**က ၅၀၅(က) နှင့်ပတ်သက်ပြီး ၂၀၂၁ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့တွင် ၂၂၉၆ ဦးကို ပြန်ပြီးဖြေလျှော့ပေးခဲ့ခြင်းရှိပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ဖြေလျှော့ပေးရန် တင်ပြသည်များကို သေချာစိစစ်ပြီး ထဲထဲဝင်ဝင်မဟုတ်သည်များကိုလည်း စိစစ်ပြီး ဖြေလျှော့ပေးနေခြင်းများလည်းရှိပါကြောင်း၊ အချို့မှာလည်း စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေခြင်းများလည်းရှိပါကြောင်း၊ ၎င်းတို့၏ ဆန္ဒအလျောက် သတင်းပို့ဆက်သွယ်လာပါက ရေးဖွင့်ထားသည့်အမှုများကို ပြန်လည်ပိတ်သိမ်း၊ ရုတ်သိမ်းပေးမည်ဖြစ်ကြောင်းကို တရားဝင်သတင်းစာများ၌ ကြေညာထားခြင်းများရှိပါကြောင်း၊ ယခုအချိန်ထိ ထိုသို့လာရောက်ဆက်သွယ်သူ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းမဟုတ်သူ အရပ်သားများ စုစုပေါင်း ယမန်နေ့ထိ ၅၉၁ ဦးရှိပါကြောင်း၊ ၎င်းတို့၏အမှုများကို စိစစ်ပြီး ဖြေလျှော့ပေးခြင်းများရှိပါကြောင်း **ဖြည့်စွက်**ဖြေကြားသည်။

၄၄။ **Myanmar National Post သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး**က ၆ လတာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ၏ ၆ လတာသက်တမ်းတစ်လျှောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏မိန့်ခွန်းကို နားထောင်ပြီးသည့်အချိန်တွင် တပ်မတော် ၏အပေါ်ကို များစွာကိုယ်ချင်းစာမိပါကြောင်း၊ မိမိတို့မပြောလျှင် ဗိုလ်ချုပ်တို့အနေဖြင့် မသိနိုင်ခြင်းကြောင့်သာ အားနာနာနှင့်မေးရခြင်းဖြစ်ပါကြောင်း၊ အဓိက မီတာဘေလ် များဖြစ်ပါကြောင်း၊ မီတာဘေလ်စာရွက်များသည် လစဉ်မရောက်ရှိပါကြောင်း၊ ရောက်လာသည့်အချိန်တွင် ပေါင်းပြီးရောက်လာပါကြောင်း၊ အချို့မီတာများသည် ပုဂ္ဂလိကကို ပေးထားသည်ဟုသိရပါကြောင်း၊ မီတာဘေလ်သွားတောင်းသော်လည်း မီတာဘေလ်က မရှိသေးဘူးဟု ပြောပါကြောင်း၊ နောက်မှ ၄/၅ စောင် ပေါင်းပြီး ရောက်ပါကြောင်း၊ ယခုအချိန်တွင် ပြည်သူကပေးသည့်ဒုက္ခကို ပြည်သူများခံစားနေရပါကြောင်း၊ မီတာဘေလ်ကို ပုံမှန်လာစေလို**ပြီး Mobile Banking** များဖြင့်ဆောင်လိုပါကြောင်း၊ ၆

လတာ သက်တမ်းတစ်လျှောက်တွင် ယုံကြည်စွာနှင့် **ATM** ကတ်များကို တစ်နေ့ ၅ သိန်း ထုတ်ပေးသည့်အချိန်ကပင် မိမိတို့မထုတ်ခဲ့ပါကြောင်း၊ ထို့ကြောင့် မိမိတို့တွင် ငွေကြေး ခက်ခဲမှုများရှိပါကြောင်း၊ မိမိသာမဟုတ်ပါဘဲ မိမိတို့ဖြစ်ပါကြောင်း၊ ငွေကြေးအခက်အခဲ အများကြီးရှိသည့်အတွက် **Mobile Banking** ဖြင့် တရားဝင် ဆောင်၍ရသည်ဆိုသော်လည်း အမှန်တကယ်ပေးဆောင်ရာတွင် အခက်အခဲများစွာ ရှိနေပါကြောင်း၊ မိမိတို့သည် အခွန်ထမ်းလိုသည့် ပြည်သူများဖြစ်သည့်အတွက် မီတာဘေလ် ပေးဆောင်ရာတွင် **Mobile Banking** ဖြင့် လွယ်လွယ်ကူကူ ပေးဆောင်နိုင်ရန်အတွက် ဗိုလ်ချုပ်တို့ အနေဖြင့် စီစဉ်ပေးရန်အစီအစဉ်ရှိ/မရှိ မေတ္တာရပ်ခံမေး မြန်းလိုပါကြောင်း၊ ငွေကြေး အခက်အခဲသည် ငွေသားအခက်အခဲ အတော်ပင်ခက်ခဲနေ၍ဖြစ်ပါကြောင်း မေးမြန်းသည်။

**၄၅။ ဗိုလ်ချုပ် ဇော်မင်းထွန်း**က အစီအစဉ်ရှိပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး လုပ်သည့်အခါတွင် အချို့ ကောင်စီဝင်များတင်ပြပါကြောင်း၊ သတင်းထောက်ကြီး တင်ပြသလို အခက်အခဲရှိသည် များကို တင်ပြပါကြောင်း၊ မီတာနှင့်ပတ်သက်ပြီး မီတာဘေလ်စာရွက်ရောက်ရုံမကဘဲ ဖုန်းများထဲသို့ရောက်ရန် စီစဉ်ဆောင်ရွက် နေပါကြောင်း၊ အချိန်တော့ နည်းနည်းစောင့် ရမည်ဖြစ်ကြောင်း၊ နောက်တစ်ခုက မိမိတို့လည်း သိပါကြောင်း၊ အချို့ဘဏ်များက ၎င်းတို့ထဲတွင် မီတာခ ပေးဆောင်သည့်စနစ် ရပြီဟုပြောကြောင်း၊ သို့သော် တမင် သက်သက်ကို ပိတ်ထားတာရှိကြောင်း၊ ၎င်းတို့ Wesite ထဲကညွှန်ကြားထားသည့်အတိုင်း မီတာခ သွင်းလိုလျှင် လုပ်ဆောင်ရမည့်ညွှန်ကြားချက်အတိုင်း လိုက်လုပ်သော်လည်း သွင်း၍မရဟုသိရကြောင်း၊ ယင်းတို့ကိုလည်း တိတိကျကျစုံစမ်းဖော်ထုတ် လျက်ရှိပြီး ပြောရန်အချိန်မကျသေးသည့်အတွက် မပြောနိုင်သေးကြောင်း၊ ပြန်လည်ဖြေကြား သည်။

၄၆။ ဆက်လက်ပြီး **Myanmar National သတင်းဌာနမှ သတင်းထောက် ဒေါ်ဆွေဇင်ဦး** က ကိုဗစ်ကိစ္စနှင့်ပတ်သက်ပြီး ကာကွယ်ဆေးထိုးရန် ပြောသွားသည်ကို ထောက်ခံပါကြောင်း၊ မိမိနှင့် မိမိအမျိုးသားကိုယ်တိုင် ကိုဗစ်ရောဂါဖြစ်ခဲ့ပါကြောင်း၊ ကိုဗစ်ကာကွယ်ဆေးလည်းထိုးခဲ့ပါကြောင်း၊ ကိုဗစ်ကာကွယ်ဆေးထိုးထားသော်လည်း ကိုဗစ်ရောဂါ ဖြစ်တတ်ကြောင်း၊ သို့သော်ခံစားရနှုန်းက များစွာသက်သာကြောင်း၊ ထို့ကြောင့် ကာကွယ်ဆေးထိုးပေးခဲ့သည့် တပ်မတော်အစိုးရကို အထူးကျေးဇူးတင်ရှိ ကြောင်း ပြောကြားသည်။

၄၇။ **Myanmar Hard Talk မှ သတင်းထောက် ဦးဥက္ကာ**က NUG ၊ CRPH တို့ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့ခြင်းရှိကြောင်း၊ ယနေ့အချိန်ထိ ၎င်းတို့၏လုပ်ရပ်များက တကယ်အကြမ်းဖက်လုပ်ရပ်ဖြစ်နေခြင်းကို ထင်ထင်ရှားရှားတွေ့မြင်နေရပြီဖြစ်ကြောင်း၊ အကြမ်းဖက်အဖွဲ့အစည်းများကို အရေးယူရန်အတွက် အပြည်ပြည်ဆိုင်ရာရဲတပ်ဖွဲ့ Interpol အပါအဝင် ဒေသအတွင်း နိုင်ငံများက အစိုးရများနှင့်ပူးပေါင်းပြီး ဆောင်ရွက်မှုရှိ/မရှိ သိလိုပါကြောင်း မေးမြန်း သည်။

၄၈။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က ပူးပေါင်းဆောင်ရွက်မှုများရှိပါကြောင်း၊ ပြီးခဲ့သည့် သုံးရက်၊ လေးရက်လောက်က သတင်းထုတ်ပြန်ထားကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်ပြီး အကြမ်းဖက်မှုများလုပ်နေသည့် NUG ၊ CRPH တို့၏လုပ်ရပ်ကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများထံ အကြောင်းကြားထားကြောင်း၊ ရပ်ကွက်များအတွင်း၌ လှည့်လည်သတိပေးလျက်ရှိကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မည်သည့်နေရာများကို မည်ကဲ့သို့ဆောင်ရွက်ထားသည်ကို သတင်းထုတ်ပြန်ထားကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်ပြီး အသေးစိတ်ကို ပြည်ထဲရေးဝန်ကြီးဌာနက ဆက်လက်ဖြေကြားသွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

၄၉။ **ပြည်ထဲရေးဝန်ကြီးဌာနမှ ရဲမှူးကြီးကျော်လင်း**က NUG ၊ CRPH တို့ဖွဲ့စည်းထားသည့် လက်အောက်ခံအဖွဲ့အစည်းအားလုံးကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားပြီးဖြစ်ကြောင်း၊ ထိုကဲ့သို့ ကြေညာသကဲ့သို့ NUG ၊ CRPH၊ PDF တို့ အမည်ခံအဖွဲ့အစည်းများကို အကြမ်းဖက်တိုက်ဖျက်ရေးဥပဒေနှင့်လည်း အရေးယူနေခြင်းများရှိကြောင်း၊ ထိုသို့အရေးယူသကဲ့သို့ ဥပဒေနှင့်အညီ ၎င်းတို့ကိုသက်ဆိုင်ရာတရားရုံးများ တွင် တရားစွဲဆိုပြီးနောက် တရားရုံးမှထုတ်ပြန်သည့်ဖမ်းဝရမ်းများကိုနိုင်ငံတကာအင်တာပိုလ်ပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ကိုလည်း ပေးပို့ခြင်းများရှိကြောင်း၊ အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံစုစုပေါင်း ၁၉၄ နိုင်ငံကိုလည်းဆက်လက်ပေးပို့လျက်ရှိကြောင်း၊ လက်ရှိဆောင်ရွက်နေသည့်များမှာ အဆိုပါအကြမ်းဖက်အဖွဲ့အစည်းများကို နောက်ကွယ်မှ ငွေကြေးများ၊ ပစ္စည်းများထောက်ပံ့နေသည့်ကိစ္စများကို သေချာစနစ်တကျ စိစစ်ဖော်ထုတ်ပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအကြမ်းဖက်မှုများနှင့် ပတ်သက်၍ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိအောင်သတင်းထုတ်ပြန်ရန်အတွက် စီစဉ်ဆောင်ရွက်နေကြောင်း ဖြည့်စွက် ဖြေကြားသည်။

၅၀။ **97 Media မှ သတင်းထောက်ချုပ် နန္ဒလင်း(ထားဝယ်)**က ကိုဗစ်-၁၉ရောဂါ ကုသရေးအတွက် နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌အောက်ဆီဂျင် စက်ရုံများကို တည်ဆောက်ခဲ့ကြောင်း၊ ထိုသို့တည်ဆောက်ခဲ့ရာတွင်တစ်နိုင်ငံလုံး အတိုင်းတာအနေနှင့် အောက်ဆီဂျင်စက်ရုံ မည်မျှတည်ဆောက်ထားကြောင်း၊ လက်ရှိ အောက်ဆီဂျင်ပမာဏမည်မျှကို ဖြန့်ဝေပေးလျက်ရှိသည်ကို သိလိုကြောင်းမေးမြန်း သည်။

၅၁။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က အောက်ဆီဂျင်စက်ရုံနှင့်ပတ်သက်၍တိုင်းဒေသကြီး စာရင်းများကိုပြောရမည်ဆိုလျှင် နည်းနည်းများကြောင်း၊ ဆိုလိုသည်မှာ တည်ဆောက် ဆဲစက်ရုံများရှိကြောင်း၊ တည်ဆောက်ပြီးလုပ်ငန်းများရှိကြောင်း၊

အားလုံးခြုံငုံမိအောင် ဖြေပေးမည်ဖြစ်ကြောင်း၊ အောက်ဆီဂျင်နှင့်ပတ်သက်၍ လိုအပ်ချက်များ ရှိခဲ့ကြောင်း၊ ထို့ကြောင့် ယခုအချိန်တွင် ပြည့်မီအောင် ဆောင်ရွက်လျက်ရှိကြောင်း၊ မြို့တိုင်းနီးပါး၌လည်း တည်ဆောက်နေမှုများရှိကြောင်း၊ အောက်ဆီဂျင်လိုအပ်ချက်သည် တစ်နိုင်ငံလုံး၌ အမြင့်ဆုံးဖြစ်သည့်အချိန်ကိုသာ တိုင်းကြောင်း၊ ထိုသို့တိုင်းသည့်အခါ တစ်နိုင်ငံလုံး အောက်ဆီဂျင် အမြင့်ဆုံး လိုအပ်ချက်ဖြစ်သည့် ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းကာလ ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့တွင် အောက်ဆီဂျင် ၄၀ လီတာဝင်အိုး ၃၁၂၉၇ အိုး လိုကြောင်း၊ မြန်မာနိုင်ငံ၌ ၎င်းပမာဏကို အကုန်လုံး စွမ်းအားပြည့်ထုတ်လျှင်ပင် မထုတ် နိုင်သဖြင့် အောက်ဆီဂျင်ပြည့်မီစွာ ထုတ်လုပ်နိုင်ရန် ကြိုးစားသည့်အခါ တစ်နိုင်ငံလုံး အောက်ဆီဂျင်စက်ရုံ**(**ပုဂ္ဂလိကပိုင်စက်ရုံ၊ အစိုးရပိုင်စက်ရုံနှင့် တပ်မတော်ပိုင်စက်ရုံ**)**ရှိ ကြောင်း၊ ထိုစက်ရုံများနှင့် မလောက်သည့်အပြင် ပြည်ပမှ **liquid oxygen** များသွင်းပြီး ဆောင်ရွက်ခဲ့ရကြောင်း၊ ယခုအချိန်တွင် ထုတ်နိုင်သည့်အိုးပေါင်း ၂၆၈၇၂ လုံး ထုတ်နိုင် မည်ဖြစ်ကြောင်း၊ အများဆုံးလိုအပ်ချက်ကိုပြောလျှင် ၃၁၂၉၇ လုံး၊ ယခုလက်ရှိ ထုတ်နိုင်သည့် ၂၆၈၇၂ လုံးသည် တစ်ပြည်လုံးအတွက် မလောက်သေးဘူးလို့ထင်ရ ကြောင်း၊ သို့သော် ယခုအခါ ထိုအရေအတွက်သည် တစ်ပြည်လုံးအတွက် လုံလောက်ကြောင်း၊ ယခုလိုအပ်ချက်က ရောဂါဖြစ်နှုန်း ကျသွားသည့်အတွက် တစ်ရက် လိုအပ်ချက်က ၁၈၆၇၇ လုံးလိုအပ်ကြောင်း၊ ထို့ကြောင့် ဂရုတစ်စိုက်ဆောင်ရွက် နေခြင်းဖြစ်ကြောင်း၊ သို့သော် ယခုထုတ်နေသည့် ၂၆၈၇၂ လုံးသည် **liquid oxygen** ပါကြောင်း၊ **liquid oxygen** သည် ပြည်ပကသွင်းခြင်းကြောင့် ရေရှည်အားကိုး၍ မရကြောင်း၊ ရေရှည်အားကိုး၍မရ ဆိုသည်မှာ သူများနိုင်ငံက မသွင်းပေးဟု ပြောခြင်း မဟုတ်ကြောင်း၊ သွင်းလျှင် ငွေပေးရမည်ဖြစ်ကြောင်း၊ တိုင်းနှင့်ခရိုင်များ၊ မြို့နယ်များမှာ လိုအပ်သည့်နေရာများ၌ လိုအပ်သလိုလုပ်နေကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်ပြောကြား သွားသည့်အတိုင်း တစ်ချို့မြို့နယ်များမှာ လူဦးရေနည်းခြင်းကြောင့် မလိုအပ်ဘူး လို့ထင်ရကြောင်း၊

သို့သော် အဆိုပါဒေသများတွင် လုပ်ပေးရမည်ဖြစ်ကြောင်း၊ ဥပမာ အနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးမြောက်ပိုင်းရှိ နန်းယွန်းဒေသကဲ့သို့ နေရာမျိုးကို အောက်ဆီဂျင်အိုးကိုပို့ရန် နှစ်ရက်၊ သုံးရက်ခန့် ကြာကြောင်း၊ ထိုဒေသ၌ အောက်ဆီဂျင် စက်ရုံကို တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ လူဦးရေနှင့်မကြည့်ဘဲ လိုအပ်ချက်ကို ကြည့်ခြင်းဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးတည်ဆောက်ရန်အတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုအောက်ဆီဂျင်စက်ရုံ တည်ဆောက်ပြီးပြီဆိုလျှင် အောက်ဆီဂျင် အမြင့်ဆုံးလိုအပ်ချက်ကို ယခုနှစ်မကုန်ခင် အားလုံး ပြည့်နိုင်မည် ဖြစ်ကြောင်း၊ ယခင်တုန်းက ဖြစ်နေသည့်အခြေအနေမျိုးထိ အမြင့်ဆုံးဖြစ်နေလျှင် ယခုအချိန်မှာ ဖြည့်ဆည်းပေးနိုင် ခြင်းရှိကြောင်း ပြန်လည်ဖြေကြားသည်။

**၅၂။** Eleven **သတင်းဌာနမှ ဒုတိယသတင်းထောက်ချုပ် ဦးမျိုးနိုင်စိုး**က ဖမ်းဆီး ထိန်းသိမ်းခံထားရသည့် ဒေါက်တာဇော်မြင့်မောင်၊ ဩစတေးလျနိုင်ငံသား ရှောင်တာနယ်၊ ယခင်အစိုးရတာဝန်ရှိသူများထဲမှ အသက်အရွယ်အကြီးဆုံးဖြစ်သည့် အသက် ၈၃ နှစ် အရွယ်ခန့်ရှိ စီမံ/ဘဏ္ဍာဝန်ကြီးဟောင်း ဦးစိုးဝင်းတို့၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်ပြီး မည်ကဲ့သို့စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးမြန်းသည်။

**၅၃။ ဗိုလ်ချုပ် ဇော်မင်းထွန်းက** ဒေါက်တာဇော်မြင့်မောင်အနေဖြင့် ယခင်တည်းက ရောဂါအခံရှိကြောင်း၊ သက်ဆိုင်ရာ အကျဉ်းထောင်ဆေးရုံတွင် ရှိကြောင်း၊ ပါရဂူများနှင့် တွေ့ဆုံခွင့်၊ ဆရာဝန်များနှင့်တွေ့ဆုံခွင့်၊ ကုသခွင့်ပြု ထားပြီးဖြစ်ကြောင်း၊ ရောဂါအခြေအနေက သိပ်ပြီးအကောင်းကြီးတော့ မဟုတ် ကြောင်း၊ ဩစတေးလျနိုင်ငံသားမှာ ကျန်းမာရေးကောင်းမွန်ကြောင်း၊ စီမံ/ဘဏ္ဍာဝန်ကြီး ဦးစိုးဝင်း၏ ကျန်းမာရေးအခြေအနေကို မိမိမသိသေးကြောင်း၊ ပြန်မေးပြီး ပြန်လည်ဖြေကြားပေးမည်ဖြစ်ကြောင်း ပြန်လည် ဖြေကြားသည်။

**၅၄။** Eleven **သတင်းဌာနမှ ဒုတိယသတင်းထောက်ချုပ် ဦးမျိုးနိုင်စိုး**က စီမံ/ဘဏ္ဍာ ဝန်ကြီးအနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ဦး**စိုး**ဝင်းကို အဂတိတိုက်ဖျက်ရေးဥပဒေ နှင့် စစ်ဆေးမှုများဆောင်ရွက်နေသည့်သတင်းများ ကြားသိရကြောင်း၊ ထိုအခြေအနေ နှင့်ပတ်သက်ပြီး သိလိုကြောင်း မေးမြန်းသည်။

**၅၅။ ဗိုလ်ချုပ် ဇော်မင်းထွန်း**က အဂတိတိုက်ဖျက်ရေးဥပဒေနှင့် စစ်ဆေးဆောင်ရွက်ခြင်းကို ကြိုတင်ပြီးမပြောနိုင်ကြောင်း၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်က စစ်ဆေးပြီးလျှင် အဘယ့်ကြောင့်အရေးယူသည်ကို အချိန်မီ သတင်းထုတ်ပြန်မည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

**၅၆။ သူရိယနေဝန်းဂျာနယ်မှ CEO ဦးမိုးဟိန်း**က **ICJ** မြန်မာကိုယ်စား လှယ်နှင့်ပတ်သက်သည့်မေးခွန်းတစ်ခု မေးမြန်းလိုပါကြောင်း၊ မမေးခင်တွင် အမှန်တကယ်မြန်မာနိုင်ငံတွင်ဖြစ်နေသည့် မြေပြင်အခြေအနေပြဿနာတစ်ခု တင်ပြလိုပါကြောင်း၊ မိမိတို့ထံကို ဖုန်းဆက်ပြီးမေးမြန်းမှုများရှိပါကြောင်း၊ ယင်းမှာ **D Day** ကိစ္စဖြစ်ပါကြောင်း၊ **D Day** ထပ်လာ**ဦး**မည်လား၊ ဦးမိုးဟိန်း မည်သို့ထင်ပါသလဲဟုဆိုကာ ဖုန်းများဆက် မေးပြီး တစ်နိုင်ငံလုံးက **D Day** ၊ **D Day** နှင့် ကျီးလန့်စာစားဖြစ်နေရပါကြောင်း၊ တစ်ဖက်ကနေပြီး **D Day** ဆိုသည်ကို မင်းကိုနိုင်၊ ဇော်ဝေစိုး၊ ဆာဆာ၊ မိုးဇော်ဦး ၎င်းတို့က ကြိမ်ဖန်များစွာ ကလေးများကို ထိုးကျွေးနေပါကြောင်း၊ **PDF ၊ GZ** ဆိုသည့် အကြမ်းဖက်သမားများသေသည်ကို မိမိတို့ဝမ်းမနည်းပါကြောင်း၊ သို့သော် နေ့စဉ်သေနေ သည်ကို တားရမည့်အစား မင်းကိုနိုင်၊ ဇော်ဝေစိုး၊ ဆာဆာ၊ မိုးဇော်ဦး၊ **NUG** ပြည်ပြေးများသည် D Day ကို အကြိမ်တစ်ထောင်ခန့်လုပ်နေသည့်အတွက် မကြည့်ရက်တော့ပါကြောင်း၊ **PDF** ၊ **GZ** ၊ အကြမ်းဖက်သမားများ၊ အကြမ်းဖက်သမားမဟုတ်သေးသူ များကို ပြောလိုသည်မှာ ပွဲကပြီးသွားတာ ၄ လခန့်ရှိပြီ ညီလေးတို့ဟူ၍ ပြောလိုပါကြောင်း၊ ပွဲပြီးသွားသည့်အတွက် အိမ်ပြန်လျှင်ပြန်၊ မဟုတ်လျှင် လက်ရှိဘဝက အပြီး

ထွက်သွားရတော့မည်ဖြစ်ကြောင်း၊ ထိုအချိန်တွင် မြှောက်ပေးနေသူများက **D Day** ဟု ထပ်မြှောက်ပေးနေခြင်းကြောင့် သေနေခြင်းများကို ဝမ်းမသာနိုင်ပါကြောင်း၊ မဖြစ်နိုင် သည့်ပွဲဖြစ်ပြီး ပွဲက **"ပတ်စာခွာ ဖျာသိမ်း"** ပြီးသွားပြီဖြစ်ကြောင်း၊ ထိုကြား ထဲတွင် နောက်ထပ်သတင်းတစ်ခုရှိပါကြောင်း၊ ယင်းမှာ နဝတခေတ် ခေါင်းဆောင်ကြီးတစ်ဦး ဆေးရုံတက်ရသည့်အခါ ၎င်းတို့ဇနီးမောင်နှံကို ဒေါ်အောင်ဆန်းစုကြည် သည် အကျယ်ချုပ်ဘဝမှ စာတစ်စောင်ပို့သည်ဟူ၍ စာက များစွာဂယက်ရိုက်သွားပါကြောင်း၊ ကိတ်မုန့်ပို့ပြီး ကျန်းမာပါစေကြောင်း၊ ထာဝရ လေးစားစွာဖြင့်ဆိုပြီး ပို့သည်မှာ ဂယက် အတော်ကြီးသွားပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည် သည် အကျယ်ချုပ်ဆိုသော်လည်း ၎င်းပို့လို သည့် **Massage** ကို ၎င်းပို့လိုသူကို ပို့၍ရနေပါကြောင်း၊ ထိုအချက်က ရှင်းသွားသည့် အတွက်ကြောင့် **PDF** ၊ **GZ** ၊ **NUG** ၊ **NLD** များ၏ အကြမ်းဖက်လုပ်ငန်း ကိုလည်း ၎င်းသာတားဆီးလိုသည့်ဆန္ဒအမှန်ရှိလျှင် ၎င်းကြိုက်သည့်လမ်းကြောင်းမှ **Massage** ပေး၍ရပါကြောင်း၊ ထို့ကြောင့် မိမိအင်တာဗျူးများတွင်ပြောခဲ့ပါကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် အကြမ်းဖက်လုပ်ငန်းများကို သဘောမတူဟုဆို သည့်စကားကို ယခုရုတ်သိမ်းရတော့မည်ဖြစ်ပါကြောင်း၊ **PDF** ၊ **GZ** သေနေသည့် ကိစ္စကို မင်းကိုနိုင်၊ ဇော်ဝေစိုး မြှောက်ပေးနေသည်ထက် ဒေါ်အောင်ဆန်းစုကြည်က မတားခြင်းက ပို၍ပြစ်မှုကြီးမားကြောင်းကို မိမိအနေဖြင့် **Massage** ပေးလိုပါကြောင်း၊ မိမိမေးမြန်းလိုသည့်မေးခွန်းမှာ **ICJ** နိုင်ငံတကာ အပြည်ပြည်ဆိုင်ရာတရားရုံးတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် အဖြစ်ရရှိရေးပြဿနာကို **NUG** က တရားရုံး ကိုပင်လိုက်လုနေပါကြောင်း၊ အာဆီယံကိုလုသော်လည်း မရပါကြောင်း၊ နောက်ဆုံး ကုလသမဂ္ဂလုံခြုံရေးကောင်စီ အစည်းအဝေးကိုပင် လုရန်ကြံနေပါကြောင်း၊ နောက်ဆုံး အမှုဖြစ်နေပြီး တိုင်းပြည်အတွက်မကောင်းသည့် တရားရုံးကိုပင် လိုက်လု နေပါကြောင်း၊ **ICJ** တွင် **NUG** က ကြိုးပမ်း နေသည်ကို မြန်မာနိုင်ငံကိုယ်စားပြုသည့်

ကိုယ်စားလှယ်သည် မည်သည့်အနေအထား မျိုးဖြစ်နေပါသလဲ၊ အခြေအနေအမှန်ကို သိလိုပါကြောင်း မေးမြန်းသည်။

**၅၇။ ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထုတ်ပြန်ရာတွင် သေစာရင်းများကို မထုတ်ပြန်ပါကြောင်း၊ ဘယ်သူသေသေ ကိုယ့်နိုင်ငံသားသေဆုံးခြင်းပင်ဖြစ်ကြောင်း၊ မည်သည့်အခါမှလည်း ထုတ်ပြန်စရာအကြောင်းမရှိပါကြောင်း၊ တော်တော်လေး သေဆုံးကြပြီး တော်တော်လေးလည်း မိုက်ရူးရဲဆန်ပါကြောင်း၊ အစောပိုင်းက မိမိပြသခဲ့သည့် အကြောင်းအရာများသည် အကင်းလောက်သာရှိသေးပါကြောင်း၊ ၎င်းတို့ဖာသာ ဗုံးလုပ်ရင်း ဗုံးကွဲ၍သေသူများ၊ အစပျောက်ပြီး သေသူများအစရှိသဖြင့် အမှန်တကယ် ဖြစ်ပျက်နေသည့် အခြေအနေက တော်တော်လေးဆိုးပါကြောင်း၊ သတင်းများ မခိုင်မာဘဲပြောသည်ဆိုလျှင် မကောင်းတတ်၍သာ မပြောခြင်း ဖြစ်ကြောင်း၊ မြှောက်ပေးနေသူများ တော်တော်များပါကြောင်း၊ မြှောက်ပေး နေသူများက ဒလက်များဖြစ်၍ ယင်းမှာ၎င်းတို့လုပ်ရမည့် အလုပ်သာဖြစ်ကြောင်း၊ ဒုတိယမေးခွန်းဖြစ်သည့် အပြည်ပြည် ဆိုင်ရာတရားရုံးနှင့်ပတ်သက်ပြီး ICJ ၌ မြန်မာနိုင်ငံကိုယ်စားပြုသည့် ကိုယ်စားလှယ် နှင့်ပတ်သက်၍ အသိအမှတ်ပြုရန် ကျော်မိုးထွန်းက NLDနှင့်CRPHကို ကိုယ်စားပြုပြီး ကုလသမဂ္ဂအထွေထွေညီလာခံ အစည်းအဝေးကို တက်ရောက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ CRPH နှင့် NUG တို့က အပြည်ပြည်ဆိုင်ရာတရားရုံးတွင် ကျော်မိုးထွန်းကို ကိုယ်စားလှယ်အဖြစ်ခန့်နိုင်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင် FAO , ILO , WHO တို့ တွင်လည်း တက်ရောက်ခွင့်ကို ဆိုင်းငံ့ထားစေရန် ဆောင်ရွက်မှုများလုပ်ခဲ့ကြောင်း၊ ICJ နှင့်ပတ်သက်ပြီး လုပ်ဆောင်ရာတွင် ICJ အနေဖြင့် မြန်မာနိုင်ငံ၏ ကိုယ်စားလှယ် အဖြစ် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ဒုတိယကိုယ်စားလှယ်အနေဖြင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးတို့အား ကိုယ်စားလှယ်အဖြစ် လက်ခံရန် ပြောခဲ့ကြောင်း၊ အဆိုပါကိစ္စကိုလည်း NUG မှ ကျော်မိုးထွန်းက

သူလုပ်မည်ဟု ပြောဆိုခြင်းကြောင့် ဆိုင်းငံ့ထားသည့်အခြေအနေဖြစ်ခဲ့ကြောင်း၊ သို့သော် ၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၄ ရက်နေ့ တွင် တရားဝင်စာဖြင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးတို့ကို အသိအမှတ်ပြုလက်ခံသည်ဟု အကြောင်းပြန်ခဲ့ကြောင်း၊ **ICJ ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာဥပဒေကို လက်တွေ့ကျင့်သုံးနေသည့် ကုလသမဂ္ဂ၏ Judicial Organ ဖြစ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာတရားရုံး ICJ မှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ကိုယ်စားလှယ်များကို အသိအမှတ်ပြုခြင်းသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ Legitimacy ကို အသိအမှတ်ပြုသည့်သဘောဖြစ်ကြောင်း၊** ကုလသမဂ္ဂတွင် ၎င်း၏လုပ်ငန်းဆောင်တာများရှိကြောင်း၊ အဆိုပါအထဲတွင် အမြင့်ဆုံး တရားစီရင်ရေးအဖွဲ့မှာ ICJ ဖြစ်ကြောင်း၊ နိုင်ငံတစ်ခုတွင် အုပ်ချုပ်ရေး အာဏာ၊ တရားဥပဒေပြုရေးအာဏာ၊ တရားစီရင်ရေးအာဏာရှိကြောင်း၊ ယင်းတို့အထဲတွင် တရားစီရင်ရေးအာဏာကို ကိုင်စွဲထားသည့်အဖွဲ့အစည်းတစ်ခုက တရားဝင်အသိအမှတ်ပြုခြင်း ဖြစ်ကြောင်း၊ အလားတူ ယခုလ ၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၂၃ ရက်နေ့မှ ၂၅ ရက်နေ့ အထိပြုလုပ်သည့် အာဆီယံပါလီမန်များ အထွေထွေညီလာခံတွင်လည်း ထိုသို့ပင် လိုက်လုခဲ့ကြောင်း၊ အာဆီယံပါလီမန်များ အထွေထွေညီလာခံတွင် တရားဝင်တက်ရောက်ခွင့်ရသူများမှာ ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးနှင့် ရှေ့နေချုပ်ရုံးမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြောင်း၊ ဆွေးနွေးရာတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံပါလီမန်များညီလာခံ(AIPA)တွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည့်အကြောင်းများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ လမ်းပြမြေပုံ(၅)ခု၊ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲဆက်လက်ကျင်းပပြီး ဆောင်ရွက်မည့်အကြောင်းများကို ဆွေးနွေးနိုင်ခဲ့ ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာပါလီမန်များသမဂ္ဂတွင် Statement များ

ဖတ်ကြားခြင်းကိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ထို့ကြောင့် လက်ရှိအစိုးရအနေဖြင့် တရားဝင် တက်ရောက်ခွင့်ရရှိခဲ့ပြီး၊ တရားဝင်အသိအမှတ်ပြုခြင်းကို ရရှိခဲ့ပြီးဖြစ်သည် ဟုပြောလို ကြောင်း ပြန်လည်ဖြေကြားသည်။

၅၈။ **NHP သတင်းဌာနမှ အယ်ဒီတာချုပ် ဦးဝင်းဦး**က မေးခွန်းမမေးမီ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီနှင့် အိမ်စောင့်အစိုးရအား တောင်းဆိုစရာရှိကြောင်း၊ မိမိအနေဖြင့် ယခုသတင်းစာရှင်းလင်းပွဲမတိုင်မီ ရန်ကုန်အပါအဝင် နယ်မြို့များကိုပါ ဆက်သွယ်ပြီး အခက်အခဲများကို စုံစမ်းကြည့်ရာ စားဝတ်နေရေးအခက်အခဲ များစွာဖြစ်ပေါ်နေသည် ဟုသိရကြောင်း၊ ယခင် NLD လက်ထက်က ပေးခဲ့သကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီနှင့် အိမ်စောင့်အစိုးရအနေဖြင့် ပြည်သူများအား ထောက်ပံ့ငွေပေးရန် ပြောလိုကြောင်းနှင့် ရန်ကုန်တိုင်းတွင်လုပ်နေသည့် ရွှေ့လျား ဈေးရောင်းသည့်ကားများ အောင်မြင်နေသည့်အခြေအနေကို တွေ့ရကြောင်း၊ အခြားပြည်နယ်နှင့် တိုင်းများတွင်လည်း ထိုကဲ့သို့လုပ်ဆောင်ပေးရန် တောင်းဆို လာသည်များရှိကြောင်း၊ ထို့နောက် ပြည်တွင်း မီဒီယာများအားကောင်းလာစေရန် ယခင်ကလည်းတောင်းဆိုခဲ့ကြောင်း၊ အစိုးရအနေ ဖြင့် မည်ကဲ့သို့သောပံ့ပိုးမှုများ ပေးနိုင်မည်ကိုလည်း စဉ်းစားပေးစေလိုကြောင်းကို အကြံပြုပြောကြားလိုကြောင်း၊ မေးခွန်းနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအစိုးရ၏ သက်တမ်းသည် ယခုလကုန်ပါက ၇ လပြည့်တော့မည်ဖြစ်ကြောင်း၊ အိမ်စောင့်အစိုးရ၏ သက်တမ်းသည်လည်း တစ်လပြည့်ခါနီးပြီဖြစ်ကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီနှင့် အိမ်စောင့်အစိုးရတွင် ကိုဗစ်ရောဂါ ထိန်းချုပ်နိုင်မှုအပါအဝင် ကြုံတွေ့နေရသည့် အဓိကအခက်အခဲများကို သိလို ကြောင်း မေးမြန်းသည်။

၅၉။ **ဗိုလ်ချုပ် ဇော်မင်းထွန်း**က သတင်းထောက်ကြီးပြောခဲ့သည့် ရန်ကုန်တိုင်း ဒေသကြီးတွင် အောင်မြင်နေသည့် ရွှေ့လျားဈေးကားများကိစ္စနှင့်ပတ်သက်ပြီး

နိုင်ငံတော် ဝန်ကြီးချုပ်က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်ပြီးပြုလုပ်သည့် အစည်းအဝေးများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကို ပြည်သူများ စားရေးသောက်ရေးကိစ္စ များအတွက် ထုတ်လုပ်သည့်နေရာများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးရန် ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ သတင်းထောက်ကြီး မေးခဲ့သည့် လက်ရှိအစိုးရ၏ အခိကအခက်အခဲနှင့်ပတ်သက်ပြီးပြောရလျှင် ယခုအချိန်တွင် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးနှင့်ပတ်သက်၍ အနှောင့်အယှက်ရှိသည်ဟု ပြောလိုကြောင်း၊ တည်ငြိမ်အေးချမ်းရေးဆိုသည်မှာ တစ်တိုင်းပြည်လုံး၌ တည်ငြိမ် အေးချမ်းမှု တည်ဆောက်နိုင်မှသာ ရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် PDF ၊ NUG ၊ CRPH စသည့်အဖွဲ့များက အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်နေကြသည့် အတွက် ပြည်သူလူထုစိတ်ထဲတွင် အနည်းဆုံးတော့ စိုးရိမ်ထိတ်လန့်မှုများခံစား ရမည်ဖြစ်ကြောင်း၊ ဗုံးခွဲ၊ သေနတ်ပစ်သာမက D Day ကဲ့သို့သောကိစ္စများကို လုပ်နေသည်မှာ ကြာပြီဖြစ်ကြောင်း၊ ဖေဖော်ဝါရီလကတည်းက နေ့စဉ်လောက်နီးပါး၊ လစဉ်လောက်နီးပါး ပြောင်းလဲပြီး လုပ်နေကြကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် စိတ်မလုံခြုံသကဲ့သို့ ခံစားနေကြရကြောင်း၊ သို့ဖြစ်၍ အမြန်ဆုံးပြန်လည် တည်ငြိမ်အေးချမ်းမှုရရှိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ တတ်နိုင်သမျှ ထိန်းချုပ်နိုင်ပြီဆိုသော်လည်း ရာနှုန်းပြည့်တော့မဟုတ်သေးဟုပြောလိုကြောင်း၊ နောက်တစ်ခုမှာ စီးပွားရေးကိစ္စဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် နိုင်ငံတိုင်းတွင် စီးပွားရေးကျဆင်းနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စီးပွားရေးပိတ်ဆို့အောင် နည်းမျိုးစုံဖြင့် လုပ်ဆောင်နေကြသူများကြောင့် ပို၍ဆိုးကြောင်း၊ ထိုကိစ္စများကိုလည်း မိတ်ဆွေနိုင်ငံများနှင့် လက်တွဲ၍ဖြေရှင်းသွားမည်ဟုပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။

၆၀။ **Myanmar National Post သတင်းဌာနမှ အယ်ဒီတာချုပ် နောင်တော်လေး**က ယခုလိုကာလတွင် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အခြားသောကိစ္စများကို ကူညီဆောင်ရွက်ပေးနေတာရှိပါကြောင်း၊ သို့သော် အကြမ်းဖက်သမားများ၏လုပ်ရပ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြရပြီး အိုးမဲ့အိမ်မဲ့ဖြစ်နေသည့် ပြည်သူများအတွက် ဆောင်ရွက်ပေးသည်ကို မတွေ့ရကြောင်း၊လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် အဆိုပါပြည်သူများကို ကူညီဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိလိုကြောင်း မေးမြန်းသည်။

**၆၁။ ဗိုလ်ချုပ် ဇော်မင်းထွန်း**က လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့ကူညီမှုများဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာကိစ္စရပ်များကို အများဆုံး လုပ်ဆောင်ရကြောင်း၊ ထိုသို့ လုပ်ဆောင်ရာတွင် နောက်ထပ်ထပ်ပါသည်မှာ ယာယီတိုက်ပွဲရှောင်စခန်းများတွင် ခိုလှုံနေသူများ၊ ရခိုင်ပြည်နယ်တွင် လူမှုပဋိပက္ခကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးနေရသူများကို ကူညီထောက်ပံ့မှုများဆောင်ရွက်ကြောင်း၊ သတင်းထောက်ကြီးပြောသလို ကိစ္စများဖြစ်ပေါ်လာပါက အဓိကလုပ်ဆောင်ရန် တာဝန်ရှိသည့်ဌာနမှာ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မဟုတ်ကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ခရိုင်၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနတို့က ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ၎င်းတို့မှ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေး ဦးစီးဌာနက သတ်မှတ်နှုန်းထားများဖြင့် ဆောင်ရွက်ရမှာဖြစ်ကြောင်း၊ ယခုမေးမြန်းသည့်ဖြစ်စဉ်များတွင် နေအိမ်မီးလောင်မှု၊ သေဆုံးဒဏ်ရာရမှု၊ ထွက်ပြေးတိမ်းရှောင်မှုတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၊ ခရိုင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက စိစစ်ပြီး

ထောက်ပံ့ပေးရန်ညှိနှိုင်းလာပါက ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ ခရိုင်၊မြို့နယ် အုပ်ချုပ်ရေးမှူး များ၏ ခွင့်ပြုချက်ရယူပြီး အခြားသော ဘေးအန္တရာယ်များထောက်ပံ့မှုနှင့် ထောက်ပံ့ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များကို ပြောရန်လိုမည်ဖြစ်ကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်ပြီး ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်လည်း ယခုသတင်းစာရှင်းလင်းပွဲကိုတက် ရောက်သည့်အတွက် ၎င်းတို့ဝန်ကြီးဌာနအနေဖြင့်လည်း သက်ဆိုင်ရာဝန်ကြီးဌာန များနှင့် ညှိနှိုင်းဆောင်ရွက်ပေးရန်ပြောလိုကြောင်း ပြန်လည်ဖြေကြားသည်။